The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ | Tuesday, 21 June 2022 | ၁၀၇၇၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ အဖွဲ့ဝင်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

**ရည်မှန်းချက်ထား အမြဲကြိုးစား**
ဆောင်းပါး စာမျက်နှာ » ၆

**မိဘ၊ ဆရာ ကျောင်းသားလူငယ်များ လောကကို အလှဆင်ရာဝယ်...**
ဆောင်းပါး စာမျက်နှာ » ၉

**ရှမ်းပြည်နယ်ရှိ ဝန်ထမ်းနှင့်ပင်စင်စားများ၊ ပြည်သူများအတွက် တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အငှား၊ အရောင်း အိမ်ရာများ**
ဆောင်းပါး စာမျက်နှာ » ၁၇

**အီရတ်နိုင်ငံ၌ ၂၀၂၇ ခုနှစ်တွင် တစ်နေ့လျှင် ရေနံစည် ရှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်**
စာမျက်နှာ » ၁၃





**လူငယ်နှင့် ဘဝ အောင်မြင်ရေး**
စာမျက်နှာ » ၁၈၊ ၁၉

ကြေးမုံ

# နိုင်ငံရေးပန်းတိုင်သို့ ရှေးရှုတက်လှမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားသည်။

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်တွင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး"ဟူသည့် ဦးတည်ချက်ကို ချမှတ်ထားသည်။ အဆိုပါ နိုင်ငံတော်ကချမှတ်ထားသော လုပ်ငန်းစဉ်နှစ်ရပ်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ မျှော်လင့်ချက်ဆန္ဒ၊ ပကတိလိုအပ်ချက်ဖြစ်သောကြောင့် ယင်းတို့ကို လက်တွေ့ အကောင်အထည်ပေါ်လာအောင် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်သူလူထုဆန္ဒဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက တရားမျှတသော ရွေးကောက်ပွဲများ ပြုလုပ်နိုင်မည်မဟုတ်ဘဲ ပြည်သူများနှစ်သက်သည့် ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်ကို ရွေးချယ်နိုင်မည်မဟုတ်ပေ။ လက်နက်ပဋိပက္ခများကြောင့် ပြည်သူများမှာ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ခြင်းမရှိသည့်အပြင် ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရပြီး ဆင်းရဲဒုက္ခရောက်ကြရသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးသည် မျှော်မှန်းချက်များပြည့်ဝရန်အတွက် အရေးအကြီးဆုံးအချက်ဖြစ်သည်။

ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို ကြည့်မည်ဆိုလျှင် တည်ငြိမ်အေးချမ်းသဖြင့် အစစအရာရာ အဆင်ပြေနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ သမိုင်းကိုလေ့လာကြည့်လျှင် လွတ်လပ်ရေးရပြီး သုံးလအကြာတွင် လက်နက်ကိုင်ပဋိပက္ခများ စတင်ပေါ်ပေါက်လာပြီး ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်မှစတင်၍ ခေတ်အဆက်ဆက်အစိုးရများက ငြိမ်းချမ်းရေးရရှိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

ငြိမ်းချမ်းရေးကိုဆောင်ရွက်ရာတွင် အောင်မြင်မှုများရှိသလို မအောင်မြင်မှုများလည်းရှိခဲ့သည်။ ပထမဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဖိတ်ခေါ်ချက်အရ တိုင်းရင်းသားပြည်သူအများစု၏သဘောထားဆန္ဒကို လက်ခံနားလည်သဘောပေါက်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်၍ တွေ့ဆုံဆွေးနွေးအဖြေရှာနေကြသည်။

ငြိမ်းချမ်းရေး၏ အန္တိမပန်းတိုင်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးဖြစ်ပြီး မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းသွားစေရေးဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို မျှော်မှန်း၍ ငြိမ်းချမ်းရေးကို ဆွေးနွေးကြရာတွင် တိုင်းရင်းသားပြည်သူများ လိုလားချက်ဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို မူဘောင်အဖြစ်ရပ်တည်ကာ ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများရှိကြသော်လည်း မြန်မာနိုင်ငံ ပထဝီအနေထား၊ လူမျိုး၊ သမိုင်းကြောင်းကိုအခြေခံ၍ လိုက်လျောညီထွေရှိမည့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

မိမိတို့လိုအင်ဆန္ဒများကို လက်နက်ကိုင်နည်းလမ်းဖြင့် တောင်းဆိုခြင်းဖြင့် မရနိုင်သည်ကို မြန်မာ့သမိုင်းတွင် အထင်အရှားသက်သေပြဆိုထားသည်။ ယခုအခါတွင် နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်တွေ့ဆုံပြီးနောက် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးအဖြေရှာခြင်း၊ လာမည့်ကာလ၌ ပြုလုပ်မည့် ရွေးကောက်ပွဲတွင် အားလုံးပါဝင်ပြီး ပြည်သူရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်တွင်း၌ ဆွေးနွေးအဖြေရှာကြခြင်းသည် ထာဝရငြိမ်းချမ်းရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့်ပန်းတိုင်သို့ ရောက်ရှိစေမည့် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသော ရှေ့လုပ်ငန်းစဉ်နှင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ အားလုံးအတူပါဝင်လက်တွဲ၍ ဆွေးနွေးညှိနှိုင်းအဖြေရှာဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီအဖွဲ့ဝင်များဖွဲ့စည်း



ရေတာရှည် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ကျေးရွာပေါင်း ၁၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ကနဦးရှေ့ပြေး လုပ်ငန်းများဖြစ်သော စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းခြင်း၊ အများဆန္ဒနှင့်အညီ ကော်မတီဝင်များရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက ဇေယျသိမ်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ကျေးရွာ၌ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းများက ကော်မတီအရည်အချင်းနှင့်ပါဝင်သင့်သူများကို ရှင်းလင်းပြောကြား၍ အများဆန္ဒဖြင့် ကော်မတီဝင် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဖျာပုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဖျာပုံ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာန တို့ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက ရှေးဟောင်းသမိုင်းဝင်ကျိုက္ကမွှမ်လိပ်ဥကုန်းဘုရားကြီးဝင်းအတွင်း ပြုလုပ်သည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာတွင် ဖျာပုံမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးဇော်မင်းထွန်းက တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်ပြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးနိုင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ကျွန်းပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ မာလာလူးကားပင် ၁၀၀၊ မန်ကျည်းရှား ၂၀၀ စုစုပေါင်းပျိုးပင် ၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၅၀၀ | ၁,၂၈၄ | ၉,၆၇၄,၅၀၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၂,၃၃၄ | ၆,၁၉၀,၈၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၅၀ | ၈၇၅,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၀၀ | ၂၅၅,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁၆၅ | ၇၉၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၈.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၃၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၃၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၁၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၁.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၄.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၂.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၀၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✰ ရှေ့ဖုံးမှ

ဖြစ်ကြသည့် စောစိန်ဝင်း၊ စောကျော်သန်းဌေးတို့ တက်ရောက်ကြသည်။

**ဆက်လက်ကျင်းပသွားမည်**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို ဇွန် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ

**သံတွဲ ဇွန် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဒေါ်နုမြဖံတို့နှင့်အတူ ယမန်နေ့နံနက်တွင် သံတွဲမြို့သို့ရောက်ရှိပြီး ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတည်ဆောက်မည့် မြေနေရာများဖြစ်သည့် အမှတ်(၂)ရပ်ကွက် စီမံကိန်းလမ်းရှိ မြေနေရာနှင့် အမှတ်(၈)ရပ်ကွက် ဒွါရာဝတီ တံတားဦးခရိုင်အားကစားကွင်းရှိ မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်တို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သံတွဲခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(ဌာနဆိုင်ရာ)များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ လူဦးရေစာရင်းကောက်ယူပြီးစီးမှု၊ မဲဆန္ဒရှင်စာရင်းများမှန်ကန်စွာပြုစုရေးဆိုင်ရာများ၊ PR စနစ်ဖြင့် ရွေးကောက်ပွဲပြောင်းလဲကျင်းပပေးမည့် အခြေအနေများနှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို မှာကြားသည်။




**ဆွေးနွေးမှာကြား**

ဆက်လက်၍ သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင် ရွေးကောက်ပွဲအရာရှိတို့က လူဦးရေစာရင်း ကောက်ယူပြီးစီးမှုနှင့် မဲစာရင်းပြုစုပြီးစီးမှု၊ ရုံးတည်ဆောက်ရေးအတွက် မြေနေရာရရှိမှု၊ ရုံးဆောက်လုပ်ပြီးစီးမှုနှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲအရာရှိများက ရုံးလိုအပ်ချက်များ၊ ဝန်ထမ်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဒေါ်နုမြဖံက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သံတွဲခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း ပေးအပ်

**နေပြည်တော် ဇွန် ၂၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



**ရှင်းလင်းဆွေးနွေး**

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စလင်းမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးနှင့် တောင်ငူမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ကို ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

**ကြိုဆိုလက်ခံသွားမည်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားရှိရာ PDF အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မဖြူစင်သက်မှူးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ဇနီး ဒေါ်ခင်ဆွေဝင်း ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မအေးသုခစံအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မဖူးပြည့်စိုးစံအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်ဇနီး ဒေါ်ဝင်းရီ၊ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး "စိန်ပွင့်ပမာ လင်းလက်ပါ" ဗီဒီယိုကလစ်ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လူငယ်ဆိုသည်မှာ အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုရိုးစကားအတိုင်း နောင်တစ်ချိန် လူကြီးဖြစ်လာကြမည့် နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းရယူကြမည့် ထူးချွန်သည့် ကျောင်းသား ကျောင်းသူ လူငယ်များအား အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းနေ ဝန်ထမ်းသားသမီးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားဖြစ်၍ ကျက်သရေ မင်္ဂလာအပေါင်း ဝေဆာခညောင်းသည့် အခမ်းအနားဖြစ်ကြောင်း။

လူငယ်များသည် အများအကျိုး၊ နိုင်ငံ့အကျိုးကို မည်ကဲ့သို့ သယ်ပိုး ဆောင်ရွက်မည်ဆိုသည့် စိတ်တည်ရှိနေရန် လိုအပ်ကြောင်း၊ ဘဝအတွက် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ထားရှိရမည်ဖြစ်ပြီး ထားရှိသည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ ဖြစ်လာစေရန်၊ လမ်းကြောင်း မပျောက်စေရန် တစိုက်မတ်မတ် ကြိုးစားရမည်ဖြစ်ကြောင်း။

### အဓိကအရေးအကြီးဆုံး

နိုင်ငံတော် အနေဖြင့်လည်း ပညာရေးကဏ္ဍကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးသည် အဓိကအရေး အကြီးဆုံး ဖြစ်သည့်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဟူသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ကာ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများက ကိုယ်စီကြိုးပမ်းမှုများဖြင့် နိုင်ငံအတွက်အားကိုးအားထားပြုထိုက်သည့် လူငယ်များဖြစ်လာစေရန် ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများကို ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များအား ပေးအပ်ပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဖြူစင်သက်မှူး၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဆုမြတ်သွင်နှင့် မဖြူစင်ထက် တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာသင် ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများကို ပုံနှိပ်ရေး နှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ကိုယ်စားလှယ်များအား ပေးအပ်ပြီး ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဖူးပြည့်စိုးစံ၊ မဖြူသန့်ထွန်းနှင့် မောင်အောင်သော်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်ဆွေဝင်းက ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မအေးသုခစံ၊ မတင့်တင့်မိုးဦးနှင့် မသဲဇေရီထွန်း တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ဝင်းရီက သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မအိသဉ္ဇာဦးနှင့် မဖြိုးအိမွန်၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မလှိုင်စံမိုး တို့ကိုလည်းကောင်း ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ နှင့် စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဂုဏ်ထူး ခြောက်ဘာသာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဖြူစင် သက်မှူးက ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများက "ကျောင်းတော်မှသည် ကောင်းကျိုးမျှော်ရည်"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးမှ ကျောင်းသား ကျောင်းသူ ၂၇၉၅ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှု ငွေကျပ် ၁၃၉၉၉၀၀၀ နှင့် ငွေကျပ် ၁၄၃၈၀၀၀၀ တန်ဖိုးရှိဗလာစာအုပ် ၃၅၉၅ ဒါဇင်ကို လည်းကောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၁၀၂ ဦးအနက် ရိုးရိုးအောင်မြင်သူ ၅၇ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး တို့အား ဂုဏ်ထူးတစ်ခုလျှင် တစ်ဘာသာ ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၁၁၁၅၀၀၀၀ ကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး စုစုပေါင်း ထောက်ပံ့ချီးမြှင့်ငွေကျပ် ၃၉၅၂၉၀၀၀ ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘ များသည် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရုပ်သံ ထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတု ပြတိုက်တို့တွင် ကြည့်ရှုလေ့လာ ကြသည်။

### ကြည့်ရှုလေ့လာ

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လေ့လာရေးအဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လေ့လာရေးအဖွဲ့ များသည် ပင်မအဆောက်အအုံ အတွင်းရှိ ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံ ထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက် ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာ ပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံး အဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားမှုများအား ကြည့်ရှုလေ့လာကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ ဇွန် ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေး၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်း၊ တံတားတိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Oriental Highway ကုမ္ပဏီမှ မန္တလေး-ပြင်ဦးလွင်(အတက်/အဆင်း)လမ်းပိုင်းကို ကတ္တရာကွန်ကရစ်(AC)ပြီးစီး၍ ထိန်းသိမ်းနေမှုကို လည်းကောင်း၊ ပြင်ဦးလွင်မြို့တွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် မြို့ရှောင်လမ်းတိုးချဲ့ရန်အခြေအနေတို့ကို လည်းကောင်း လမ်းတစ်လျှောက်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောင်ရွက်သော မန္တလေး-ပြင်ဦးလွင် လမ်းမကြီးနှင့် ချိတ်ဆက်သည့် ဇီးပင်ကြီးမီးသတ်သင်တန်းကျောင်းအဝင်လမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုလမ်းကို အသုံးပြုနေသည့် ကျေးရွာနေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းတိုးချဲ့ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ လမ်းတိုးချဲ့ခြင်းနှင့်အတူ Box Culvert များကိုလည်း တစ်ပြိုင်တည်း ချဲ့ပေးရန်လိုကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် လိုအပ်သည်များ တင်ပြဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အုန်းချော - ရွှေစာရံ - ဘယ်လင်းလမ်းပေါ်ရှိ အရှည်ပေ ၆၆၀ ဒုဋ္ဌဝတီတံတား(ရွှေစာရံ)သို့ ရောက်ရှိပြီး တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ကြံ့ခိုင်မှုနှင့် သန့်ရှင်းသပ်ရပ်လှပစေရေး အမြဲမပြတ်စစ်ဆေးပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သော်တာဝင်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော အရှည် ၂၁ မိုင် ၅ ဖာလုံရှိ အုန်းချော- ရွှေစာရံ - ဘယ်လင်းလမ်းကို စက်ယန္တရားများဖြင့် အောက်ခံအမာခံလမ်းအဆင့်ရရှိအောင် ညှိကြိတ်ခြင်း၊ မိုင်တိုင်အအမှတ်(၀/၀)မှ (၀/၃)အထိ ၂၄ ပေ အကျယ်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကျောက်ဆည်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ကျောက်ဆည်မြို့ရှောင်လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါလမ်းပေါ်ရှိ အရှည်ပေ ၂၁၀၊ ယာဉ်သွားလမ်းအကျယ် ပေ ၈၀ ဇော်ဂျီတံတားအမှတ်(၂) တည်ဆောက်ပြီးစီးမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**မှာကြားခဲ့**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သော်တာဝင်းကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-ပဲခူး-တောင်ငူ- မန္တလေး ပြည်ထောင်စုလမ်းမကြီး ပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၆၀/၃)ရှိ ယခင်တံတားဟောင်းနှင့် ကပ်လျက်နေရာတွင် အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၄၀ ရေဝန်းတံတားသစ်တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တံတားနှစ်စင်းယှဉ်လျက် တည်ဆောက်ခြင်းဖြစ်၍ ရေစီးလမ်းကြောင်း သေချာတွက်ချက်ပြီး ဆောင်ရွက်ရန်၊ ဘိုးပိုင်တူးရာတွင်လည်း သတ်မှတ်အနက်ရရှိရန်နှင့် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီ အောင်ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

# ရာသီဥတုအခြေအနေအရ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇွန် ၂၀

ရာသီဥတုအခြေအနေအရ ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သဘာဝဘေးစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်မှုသည် အဓိက အရေးကြီးကြောင်း၊ ကောင်းမွန်စွာ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါက ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းနိုင်မည် ဖြစ်ကြောင်း၊ ယခု လက်ရှိအခြေအနေအရ မြစ်ရေအခြေအနေများကိုကြည့်ပါက မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူမြို့တို့တွင် စိုးရိမ်ရေမှတ်များသို့ နီးကပ်နေသည်ကို တွေ့ရှိရကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်ကြောင်း ထုတ်ပြန်ထားသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံဘက်တွင်လည်း ရေကြီးမှုများဖြစ်ပေါ်နေသည်ကို တွေ့ရသဖြင့် ယခုနှစ် မိုးရာသီကာလတွင် ရေကြီးရေလျှံမှုများ စတင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို တွေ့ရပါကြောင်း။

**ပြင်ဆင်ဆောင်ရွက်ထားရန်လို**

ရေကြီးရေလျှံမှုနှင့် နောက်ဆက်တွဲဖြစ်ပေါ်တတ်သည့် အန္တရာယ်များဖြစ်ပေါ်နိုင်မှုကိုလည်း အလေးထားဆောင်ရွက်ထားရန်လိုကြောင်း၊ ယခင်အတွေ့ အကြုံများ၊ စီမံချက်များလည်း ရှိပြီးဖြစ်သဖြင့် စီမံချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့လည်း တင်ပြဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် မိမိလက်အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများကိုလည်း ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်မှုတို့အတွက် အဆင်သင့်ဖြစ်နေစေရေး နှိုးဆော်၊ ကြီးကြပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ အရေးပေါ်တုံ့ပြန်ရေး အတွက် လိုအပ်သည့်လုပ်ငန်းများကို Check List များဖြင့် ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကယ်ဆယ်ရေးပစ္စည်းများ အဆင်သင့်ဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ယခုကာလတွင် သာမန်အချိန်ထက် ပိုမိုဂရုပြုဆောင်ရွက်ထားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာနမှ ဌာနကြီးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ် ရွှေကူမြို့၊ ဗန်းမော်မြို့နှင့် မြစ်ကြီးနားမြို့တို့တွင် ယခု ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေမြင့်တက်မှုများဖြစ်ပေါ်ပြီး အနိမ့်ပိုင်း ရပ်ကွက်၊ ကျေးရွာများသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ရာ ယနေ့ အခြေအနေအရ ရွှေကူမြို့တွင် အိမ်ထောင်စု ၁၆ စု၊ လူဦးရေ ၆၉ ဦး၊ ဗန်းမော်မြို့တွင် အိမ်ထောင်စု ၂၆၉ စု၊ လူဦးရေ ၁၀၂၂ ဦး၊ မြစ်ကြီးနားမြို့တွင် အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၈၉ ဦး စုစုပေါင်း အိမ်ထောင်စု ၃၀၂ စု၊ လူဦးရေ ၁၁၈၀ တို့ကို ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ရပ်ကွက်ရုံး စသည့် ဘေးလွတ်ရာနေရာများသို့ ခေတ္တရွှေ့ပြောင်းထားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လောက်ကိုင်မြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ



လောက်ကိုင် ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ၂၀၂၂ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ရွှေစင်ဖြိုးက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများအကြောင်းကို အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးခွန်ကျော်ထီးက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ရေဘေး၊ လေဘေး၊မိုးကြိုးဘေး၊ မုန်တိုင်းဘေးအန္တရာယ်ဖြစ်ပေါ်ပါက ကြိုတင်သတိပြု ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဆွေးနွေးဟောပြောကာ ရေဘေးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရည်မှန်းချက်ထား အမြဲကြိုးစား

ဗညားကျန်းထော

ထိပေါက်သလိုပျော်သော ပျော်ရွှင်မှုခံစားချက်မျိုး မခံစားရသည်မှာ ကြာတောင့်ကြာခဲ့ပြီ။ ချစ်သူဆီက အဖြေရသောနေ့၊ ရှင်လိင်ပြန်သောနေ့၊ ထောင်ကထွက်သောနေ့၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲဆင်နွှဲသောနေ့ သို့မဟုတ် မင်္ဂလာဦးညစသည်ဖြင့် စိတ်လှုပ်ရှားရသော အမှတ်တရအချိန်ကာလမျိုးတွေ ရှိတတ်ကြပေသည်။ ရာထူးတိုးခြင်း၊ စာပေဆုရခြင်းများသည်လည်း ဝမ်းသာခဲ့ရပါ၏။ ကိုယ့်ဘဝ ကိုယ့်ကိစ္စ၊ ကိုယ့်အတွက်ဟုဆိုရမည့် ပျော်ရွှင်ခြင်းမျှသာ။

**တက္ကသိုလ်ဝင်စာမေးပွဲ**
**အောင်စာရင်းအကြောင်း**

၁၇-၆-၂၀၂၂ ရက်နေ့ (သောကြာနေ့)တွင် မိမိပျော်ရွှင်ရခြင်းကား ကိုယ့်အတွက် ကိုယ်ရေးကိုယ်တာ ဘာမျှမပါ။ ထိုနေ့နံနက်က သွားဆေးကုဌာန၊ ဆေးရုံသို့သွားရောဂါ သွားပြရသည်။ ဆရာဝန်နှင့် စကားပြောရင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအကြောင်း၊ သူနာပြုဘယ်သူဘယ်ဝါ၏ သမီးအောင်ကြောင်း၊ သူ့ဆွေမျိုးတွေရှိရာ (ဒေါက်တာတို့)ပြည်နယ်တစ်ခုမှ သူတို့ပြည်နယ်သည် တစ်နိုင်ငံလုံးမှာ ၅၇ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံးအခြေအနေကို သိရှိရကြောင်း စသည်ဖြင့် ဒေါက်တာက ဝမ်းသာအားရပြောပြသည်။ လမ်းမှာတွေ့ရသည့် မိတ်ဆွေတစ်ဦးကလည်း သူ့သားစာမေးပွဲအောင်ကြောင်း လာပြောသည်။ ဝမ်းသာခြင်းက မုဒိတာဖြင့် ကူးစက်မှုဝေခံစားရသည်။

အိမ်မှာလာရောက်ကူညီလုပ်ကိုင်ပေးနေသောတောက ဆွေမျိုးတူမလေးကလည်း ယနေ့တက္ကသိုလ်ဝင်စာမေးပွဲမှာ သူဂုဏ်ထူး တစ်ဘာသာဖြင့် အောင်မြင်ကြောင်း မှိုရသောမျက်နှာဖြင့် လာပြောသည်။ အညာကဇာတိရွာမှ နှမဝမ်းကွဲတစ်ယောက်ကလည်း ဘယ်သူဘယ်ဝါ၏သမီး တစ်ဘာသာ(ဘောဂဗေဒ)ဂုဏ်ထူးပါပြီး ဆယ်တန်းစာမေးပွဲ နှစ်ချင်းပေါက် အောင်ကြောင်း ဖုန်းထဲမှာ ဝမ်းသာတက်ကြွနေသောလေသံဖြင့် အသိပေးသည်။ ကျေးရွာမှာ ဒါမျိုးကရှား၏။

ကျရှုံးသူတွေ ဘယ်သူတွေရှိလေသနည်းတော့မသိ။ မိမိယနေ့ထိတွေ့ သိရှိရသမျှကတော့ အပြုံးပန်းတွေ အပြိုင်အဆိုင်ဝေနေကြသော မင်္ဂလာသတင်းတွေချည်း ကြားနေရပေသည်။

၂၀၂၂ ယခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းမှာ နှစ်တိုင်းကထက် သိသိသာသာအောင်ချက်နှုန်းပိုကောင်းသည်ဟု ထင်မိပါသည်။ အောင်ချက် ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းဟု သိရပေသည်။ ဆယ်တန်းစာမေးပွဲဖြေဆိုသူပေါင်း တစ်နိုင်ငံလုံးမှလူဦးရေ ၂၈၁၇၅၁ ဦး(နှစ်သိန်းရှစ်သောင်းကျော်)ရှိခဲ့ပါသည်။ အောင်မြင်သော ကျောင်းသား ကျောင်းသူဦးရေ ၁၃၂၀၇၇ ဦး (တစ်သိန်းသုံးသောင်းကျော်) ရှိသည်ဆို၏။ လူငယ်ကျောင်းသားမောင်မယ်ပေါင်း တစ်သောင်းကျော် တက္ကသိုလ်ဝင်စာမေးပွဲအောင်ခြင်းသတင်းကား လှိုက်လှိုက်လှဲလှဲ ဝမ်းသာပျော်ရွှင်စရာကောင်းသောနေ့ အမှန်ပါတည်း။ စာမေးပွဲအောင်သော လူငယ်တစ်ဦးချင်းစီနှင့် သူတို့၏မိဘနှစ်ပါး၊ သူတို့ ဆရာ ဆရာမများ၊ ဆွေမျိုး၊ ရပ်ရွာအသိုက်အဝန်းများပါ ပျော်ရွှင်မှုတွေ ပျံ့နှံ့ကူးစက်လာကြသဖြင့် စာရေးသူအပါအဝင် မိသားစုတစ်အိမ်လုံးပင် ပျော်ရွှင်နေမိပါတော့သည်။ မျက်နှာတွေကြည်လင်၊ စကားသံတွေပိုကျယ်၊ ရယ်မောသံများ မြိုင်မြိုင်ဆိုင်ဆိုင်။

မန္တလေးတိုင်းဒေသကြီးလည်း အောင်ချက်ကောင်းလှသည်ဟု သတင်းရ၏။ ၄၉ ဒသမ ၉၂ ရာခိုင်နှုန်းဆိုတော့ ၅၀ ရာခိုင်နှုန်းဟုပင် ဆိုနိုင်ပါ၏။ ပို၍ထူးခြားသည်မှာ မန္တလေးမြို့ အမှတ်(၁၆) အထက်တန်းကျောင်းမှ မအိမ့်မှူးခင်သည် ရမှတ် ၅၅၈ မှတ်ဖြင့် ပထမရရှိခြင်းဖြစ်၏။ သူက သိပ္ပံဘာသာတွဲမှာ ပထမရသူလည်းဖြစ်၏။ ဘာသာတွဲအလိုက် တစ်နိုင်ငံလုံးမှာ ပထမရသူများလည်း ထူးချွန်ကြပါပေသည်။

ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံး ပထမရရှိသူမှာ ကျွန်းလှမြို့နယ် သစ်ရာမြိုင် အထကမှ ၅၃၄ မှတ်ရသူ မငြိမ်းမို့မို့ထွန်း ဖြစ်လေသည်။

ဝိဇ္ဇာသိပ္ပံဘာသာတွဲအမှတ်အများဆုံး ပထမရရှိသူမှာ ဘီးလင်းမြို့နယ် တောင်စွန်းအထကမှ ၅၂၂ မှတ်ရသူ မောင်ဆန်းဝင်းနောင်ဖြစ်ပေသည်။

မအိမ့်မှူးခင်(မန္တလေး)၊ မငြိမ်းမို့မို့ထွန်း (ကျွန်းလှ)နှင့် မောင်ဆန်းဝင်းနောင်(ဘီးလင်း)တို့ကဲ့သို့ အမှတ်အများဆုံး ထိပ်ဆုံး ၁၀ ဦး အမည်စာရင်းများကိုလည်း လက်ကိုင်ဖုန်းထဲက တယ်လီဂရမ်(Myanmar Update News) သတင်းမှာ စာရင်းဇယားဖြင့် ဖော်ပြထုတ်ပြန်ပေးထားသည်။

**ကျောင်းသူ မအိမ့်မှူးခင်၏စကားသံ**

ကြေးမုံသတင်းစာတွင် ဖော်ပြထားသော မန္တလေးအထက(၁၆)မှ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အောင်မြင်ကြသူ ၁၃၂၀၇၇ ဦးမှ အမှတ် ၅၅၈ မှတ်ဖြင့် ပထမစွဲသော ကျောင်းသူ မအိမ့်မှူးခင်၏ စကားသံကလည်း မှတ်သားစရာကောင်းသည်။

> **“ပြည်သူလူထုကို ခြိမ်းခြောက်ရန်လုပ်ကာ လက်နက်အားကိုးဖြင့် နွှားရှူးဆူးတိုးလုပ်ဆောင်နေခြင်းများကြောင့် ရဟန်းသံဃာများ၊ အရပ်သူ အရပ်သားများ၊ အပြစ်မရှိသော ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၃၀-၄-၂၀၂၂ ရက်နေ့အထိ သေဆုံးရရှာသူ ၂၇၀၀ ကျော်ခဲ့ပြီ။ ကျောင်းသွားရင်း၊ လမ်းသွားရင်း၊ အိမ်မှာနေရင်း NUG, PDF လက်နက်ကိုင်အကြမ်းဖက်သတ်ဖြတ်ဖုံးခွဲမှုကြောင့် အကာလ မရဏဖြင့် သေလွန်ရခြင်းများကို ကြားနေမြင်နေကြရသည်။ ကျောင်းသွားရတာ တထိတ်ထိတ်၊ စာသင်ရတာပင် တလန့်လန့်၊ စာကျက်ရတာ စိတ်မဖြောင့်။ ကျောင်းသား ကျောင်းသူလူငယ်ပေါင်းများစွာကို စိတ်ဆင်းရဲအောင် ဖိစီးနှိပ်စက်သောဘေးဆိုးအား ရဲရဲဝံ့ဝံ့ဖြတ်သန်း လွန်မြောက်ခဲ့ကြ”**

“ဒီလိုအောင်မြင်ဖို့အတွက် စာသင်နှစ်အစကတည်းက တစ်နေ့စာတစ်နေ့ မှန်မှန်လုပ်တဲ့အပြင် သင်ပြီးတဲ့စာတွေကိုလည်း အချိန်မှန်ပြန်လေ့ကျင့်ပါတယ်။ သမီးက ကလေးဘဝကတည်းက အခုအချိန်အထိ စာတွေသင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ ယခု တက္ကသိုလ်ဝင်စာမေးပွဲမှာလည်း သေသေချာချာ သင်ကြားပြသပေးခဲ့ကြတဲ့ ဆရာဆရာမတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း စတင်တက်ရောက်တဲ့အချိန်မှာတော့ အမှတ်ကောင်းရမယ်၊ ဂုဏ်ထူးလည်းထွက်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးတော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုတစ်နိုင်ငံလုံး ပထမရမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူး။ အခုလို ပထမရတဲ့အပေါ်မှာ ဝမ်းသာမိပါတယ်။ သမီးရဲ့ အဖေနဲ့အမေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲမှာ ဘယ်လိုရလဒ်တွေပဲထွက်ထွက် အနာဂတ်အတွက် တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်”။

အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ်သည် ဆယ်ကျော်သက်အရွယ်ဖြစ်သည်။ ကလေးမဟုတ်တော့သော်လည်း လူကြီးလည်း ပီပီသသ မဟုတ်သေး။ အသက်အပိုင်းအခြားအရ ၁၈ နှစ်ပြည့်ပြီးလျှင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့် အခွင့်အရေးအရ ရွေးကောက်ပွဲမှာ မဲဆန္ဒပေးပိုင်ခွင့်တော့ ရကြပေပြီ။ ထို့ကြောင့် အသက် ၁၈ နှစ်ကျော်သော တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် နိုင်ငံရေးကို လေ့လာသိရှိသင့်ကြပါသည်။

ပတ်ဝန်းကျင်မှာ ရေပန်းစားနေသော ဝါဒရေးရာများ၊ ဆွဲဆောင်နေမှုများသည် အချိန်အခါ၊ အခြေအနေနှင့် ကိုက်ညီသည်လည်း ရှိနိုင်သည်။ မကိုက်ညီဘဲရှိကြသည်ကိုလည်း တွေ့ရနိုင်သည်။ လွတ်လပ်ရေး၊ တော်လှန်ရေး၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီ စသည့် ဝေါဟာရများသည် စာအုပ်စာပေထဲတွင် ဥပဒေစကားလုံးကဲ့သို့ တိကျစွာ အနက်အဓိပ္ပာယ်ဖွင့်ထားခြင်းမျိုး ရှိကောင်းရှိကြမည်။ တကယ့်လက်တွေ့ဘဝတွင်တော့ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ဆိုပြီး ကြိုးစားလုပ်ဆောင်နေကြသော နိုင်ငံပေါင်း ၉၁ နိုင်ငံကျော်ကျော်မှာ ဒီမိုကရေစီစံနှုန်းများဖြင့် ညီညွတ်သောနိုင်ငံဟူ၍ ၁၉ နိုင်ငံမျှသာ ရှိသေးသည်ဟူသော အချက်မျိုးက အခြေခံကျကျ သိရမည့်အရာ ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ၁၉၄၅-၁၉၅၀ ကာလဆီမှ ၂၀ ရာစု ဒုတိယနှစ် ၅၀ ကာလကို ဖြတ်သန်းခဲ့ကြသော အရှေ့တောင်အာရှ နိုင်ငံများသည် နောက်ခံအကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ဆူပူတိုက်ခိုက်မှုများဖြင့် လုံးချာလည်လိုက်ခဲ့ကြ၏။ လာအို၊ ကမ်ပူးချား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာ စသည်တို့မှာ မငြိမ်သက်ခဲ့။ လက်နက်ကိုင်ပုန်ကန်ခြားနားသောတိုက်ပွဲများကြောင့် ပြည်သူလူထုအများစု ဒုက္ခရောက်ခဲ့ကြရ၏။ ပြင်သစ်၊ အမေရိကန်၊ ဗြိတိန်စသော အနောက်တိုင်း အရင်းရှင်နယ်ချဲ့များ၏ အားပေးထောက်ပံ့မှုများ၊ လက်ဝဲအစွန်းရောက်နိုင်ငံအချို့၏ ဝါဒရေးမှိုင်းတိုက်မှုကြောင့်လည်း ဆင်းရဲခြင်း သံသရာလည်ခဲ့ကြရလေသည်။

**အာရှခေတ်ကောင်း**

တတိယထောင်စုနှစ်ကို ကူးပြောင်းရောက်ရှိလာသောအချိန်တွင်မူ အရင်းရှင်နယ်ချဲ့လက်အောက် ဩဇာသက်ရောက်မှုများ လျော့ပါးကာ စက်မှုခေတ်မှသည် နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်ဆီသို့ ၁၈၈၈ နောက်ပိုင်း (နှစ်ပေါင်း ၃၀ အတွင်း) ၂၁ ရာစုအချိန်ကာလသည် အာရှခေတ်ကောင်းထူးခြားဆန်းသစ်မည့် အလားအလာဟု နိုင်ငံတကာအကဲခတ်လေ့လာသူများက ပြောကြားလာကြသည်။

ခေတ်သစ်တစ်ခုကို အရှိန်အဟုန်ဖြင့် ကူးပြောင်းရတော့မည့် ယနေ့အချိန်အခါတွင် ၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ကြသူ သုံးသိန်းနီးနီးထဲမှ စာမေးပွဲအောင်မြင်ခဲ့သော တစ်သိန်းကျော်လူငယ်လေးများသည် အတော်ထူးသားပေသားရသော ပင်ကိုစွမ်းရည် သန်မာကြသူများဟု တန်ဖိုးဖြတ်ရပေလိမ့်မည်။ တစ်ကမ္ဘာလုံးချီကာ ကူးစက်ဖြစ်ပွားကာ အသေအပျောက်ကြောက်စရာကောင်းလောက်အောင်ခြိမ်းခြောက်သော ကူးစက်မြန် အဆုတ်ရောဂါ ကိုဗစ်-၁၉ ၏ ကပ်ရောဂါဘေးကြီးကို ဖြတ်သန်းကြရသည်။ မိသားစုထဲမှဖြစ်စေ၊ ဆွေမျိုးထဲမှ ဖြစ်စေ၊ ရပ်ရွာထဲမှဖြစ်စေ ကိုဗစ်-၁၉ ကြောင့် နေ့မြင် ညပျောက် သင်္ချိုင်းရောက်သွားသူတွေကို မြင်တွေ့ခဲ့ကြရမည်။

အလားတူစိတ်ချောက်ချားစရာကောင်းလှသော ဘေးဆိုးအန္တရာယ်ဆိုး နောက်တစ်ရပ်မှာ မြန်မာ့အကျိုးကို မလိုလားသည့် နိုင်ငံတကာအဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့၏ မြှောက်ပင့်သွေးထိုးမှုဖြင့်၊ အလှူငွေ၊ ထောက်ပံ့ငွေများဖြင့် ကျောင်းများကိုဖုံးခွဲ၊ ဆရာ ဆရာမများကို သတ်၊ ရဟန်းသာမဏေများကို သတ်ဖြတ်၊ ကျောင်းသားတွေ ကျောင်းမတက်ရဲအောင် ခြိမ်းခြောက်၊ (ကျောင်းများကို ဖုံးခွဲတိုက်ခိုက်ခြင်းမျိုးကို ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံကမှ လက်မခံသော စစ်ရာဇဝတ်မှုမြောက်သည့် ယုတ်မာရက်စက်ရိုင်းစိုင်းမှုများ) လုပ်ဆောင်နေသည့် CRPH, NUG, PDF စသော အဖျက်လုပ်ရပ်လက်နက်ကိုင် အကြမ်းဖက်တို့၏ ပြည်သူများကို နှိပ်စက်ညှဉ်းဆဲမှုများဖြစ်၏။ လူငယ်များ ကြားနေမြင်နေခဲ့ကြ၏။

**သေဆုံးရရှာသူ ၂၇၀၀ ကျော်ခဲ့ပြီ**

ပြည်သူလူထုကို ခြိမ်းခြောက်ရန်လုပ်ကာ လက်နက်အားကိုးဖြင့် နွှားရှူးဆူးတိုးလုပ်ဆောင်နေခြင်းများကြောင့် ရဟန်းသံဃာများ၊ အရပ်သူအရပ်သားများ၊ အပြစ်မရှိသော ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၃၀-၄-၂၀၂၂ ရက်နေ့အထိ သေဆုံးရရှာသူ ၂၇၀၀ ကျော်ခဲ့ပြီ။ ကျောင်းသွားရင်း၊ လမ်းသွားရင်း၊ အိမ်မှာနေရင်း NUG, PDF, လက်နက်ကိုင် အကြမ်းဖက်သတ်ဖြတ်ဖုံးခွဲမှုကြောင့် အကာလ မရဏဖြင့် သေလွန်ရခြင်းများကို ကြားနေမြင်နေကြရသည်။ ကျောင်းသွားရတာ တထိတ်ထိတ်၊ စာသင်ရတာပင် တလန့်လန့်၊ စာကျက်ရတာ စိတ်မဖြောင့်။ ကျောင်းသား ကျောင်းသူလူငယ်ပေါင်းများစွာကို စိတ်ဆင်းရဲအောင် ဖိစီးနှိပ်စက်သော ဘေးဆိုးအား ရဲရဲဝံ့ဝံ့ဖြတ်သန်း လွန်မြောက်ခဲ့ကြသည်။

တက္ကသိုလ်တက်လျှင် ဖြောင့်ဖြောင့်မတက်ရအောင်၊ အလုပ်ခွင်ဝင်လျှင် ပျော်ပျော်ရွှင်ရွှင် မလုပ်ရအောင် ထိုအဖျက်သမားအချို့တို့သည် ဆက်လက်နှောင့်ယှက် ဖျက်ဆီးနေကြဦးမည်ပဲဖြစ်၏။ အဘယ်ကြောင့်နည်း။

ပြည်ပက သူတို့ဆရာကြီးများက ဒေါ်လာပေး၍ ကြိုးဆွဲနေကြသဖြင့် ဘုမသိ ဘမသိ လူညံ့၊ လူမိုက်၊ လူယုတ်မာများသည် မသေမချင်း ဆက်ကနေကြမည်ပင်၊ မှားတတ်သည်မှာ လူ့သဘာဝဖြစ်ပါ၏။ သည်းခံခွင့်လွှတ်ရ၏။

မှားမှန်းမသိသူက **လူညံ့**။

သိလျက်နှင့်ဆက်မှားနေသူကား **လူမိုက်**။

မှားဖို့ကိုပင် ဆက်လက်ကြိုးစားနေသေးသူမှာ **လူယုတ်မာ**။

မိမိတို့တိုင်းရင်းသား၊ ကိုယ့်အမျိုးသား၊ ကိုယ့်လူမျိုးချင်းမို့ မိသားစုအဖြစ် သဘောထားကြီးစွာ ခွင့်လွှတ်သည်းခံခြင်းတွင် အချိန်ကာလအပိုင်းအခြားတစ်ခုတော့ ရှိလိမ့်မည်ထင်ရပေသည်။ အမှားသိမြင်အမှန်ပြင်။

ယနေ့ခေတ်လူငယ်များသည်ကား ကူးစက်မြန် ကပ်ရောဂါဘေးဆိုးကိုလည်း စည်းလုံးညီညာ ကျန်းမာရေးစည်းကမ်း လိုက်နာကြခြင်းဖြင့် ကျော်လွှန်နိုင်ခဲ့ကြပြီ။ အဖျက်သမားလူညံ့လူမိုက်များ၏ ဘေးရန်ကိုလည်း ကျော်ဖြတ်ခဲ့ကြပြီ။ နည်းပညာခေတ်၊ အာရှခေတ်သစ်မှာ နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်အညီ တစ်ယောက်တစ်လက် ပါဝင်ထူထောင်တည်ဆောက်နိုင်ရန် ပါဝင်လာကြမည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ ။

# ၁၃၈၄ (၂၀၂၂) ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်မှု

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄(၂၀၂၂) ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဖြေဆိုသူ ၁၇၁၆၅ ပါး/ဦးအနက် မြန်မာဂုဏ်ထူးအောင် နှစ်ပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ သုံးကျမ်းအောင် ၂၆၁ ပါး၊ နှစ်ကျမ်းအောင် ၄၂၄ ပါးနှင့် တစ်ကျမ်းအောင် ၆၁၀ စုစုပေါင်း ၁၂၉၈ ပါး/ဦးအောင်မြင်၍ ၇ ဒသမ ၅ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းဖြေဆိုသူ ၅၃၈၈ ပါး/ဦး အနက် ၁၃၇၁ ပါး/ဦး အောင်မြင်၍ ၂၅ ဒသမ ၄၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၆၀၇၆ ပါး/ ဦးအနက် ၂၇၂၆ ပါး/ဦး အောင်မြင်၍ ၄၄ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၀၈၈၀ အနက် ၂၀၅၁ ပါး/ဦး အောင်မြင်၍ ၁၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၆၃၈၉ ပါး/ဦးအနက် ၉၄၆၅ ပါး/ဦး အောင်မြင်၍ ၅၇ ဒသမ ၇၅ ရာခိုင်နှုန်း၊ အတန်း အသီးသီးသို့ ဝင်ရောက်ဖြေဆိုခဲ့သူ ၃၈၇၃၃ ပါး/ဦးအနက် ၁၅၆၁၃ ပါး/ဦးအောင်မြင်၍ ရာခိုင်နှုန်းအားဖြင့် ၄၀ ဒသမ ၃၁ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# (၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ကြီး ဇွန် ၂၀

(၃၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



## ပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယခင်နှစ်က ရှမ်းပြည်နယ်(မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို စုစည်းပြီး တောင်ကြီးမြို့၌ မီးရှို့ဖျက်ဆီးခဲ့ရာ မူးယစ်ဆေးဝါးကာလတန်ဖိုးမှာ မြန်မာကျပ်ငွေ ၅၆၂ ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ ၃၅၁ သန်းကျော်ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုများ ဆက်လက်ဖြစ်ပွားနေသော်လည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများ၊ မူးယစ်ဆေးဝါးပပျောက်ရေး ဘက်စုံကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနက်မှ သက်ဆိုင်ရာတရားရုံးအသီးသီးမှ အမှုပြီးပျက်သော အမှုပေါင်း ၂၁၁၈ မှုမှ မူးယစ်ဆေးဝါးအမျိုးအစား ၁၈ မျိုး၊ ထိန်းချုပ်ဓာတုပစ္စည်း အမျိုးအစား ၄၀ စုစုပေါင်း ၅၈ မျိုး တန်ဖိုးအားဖြင့် မြန်မာတန်ဖိုးငွေကျပ် ဘီလီယံပေါင်း ၅၁၅ ဒသမ ၃၆ ဘီလီယံကျော် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၈ ဒသမ ၅၇ သန်းကျော်ကို တောင်ကြီးမြို့တွင် မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ရန်ကုန်မြို့၌ မူးယစ်ဆေးဝါး အမျိုးအစား ၃၃ မျိုး အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၀၈၄ သန်း၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါး အမျိုးအစား ၂၅ မျိုး အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ၂၃၁ သန်းနှင့် ရှမ်းပြည်နယ်တွင် မူးယစ်ဆေးဝါးအမျိုးအစား ၅၈ မျိုး အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၅၇ သန်းကျော်၊ တစ်နိုင်ငံလုံးအနေဖြင့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၁၈၈ ဒသမ ၈၂၈ ဘီလီယံကျော် အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀၈ သန်းကျော်အား ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ အတွင်းရေးမှူး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုတို့က ဆွေးနွေးတင်ပြကြပြီး အမှတ်(၂) မူးယစ်တပ်ဖွဲ့ ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ အခမ်းအနားဖြစ်မြောက်ရေးအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာ ဆပ်ကော်မတီအသီးသီးမှ လုပ်ငန်းတာဝန်အလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘားအံမြို့နယ်အတွင်းရှိ ခေတ်မီစံပြကျေးရွာများမှ သမဝါယမအသင်း / အသင်းသားများအတွက် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့

ဘားအံ ဇွန် ၂၀

၂၀၂၂ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ခေတ်မီစံပြကျေးရွာများမှ သမဝါယမအသင်း/ အသင်းသားများအတွက် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ပြည်နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



## အကျိုးရှိစွာအသုံးချ

ထောက်ပံ့ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဝယ်ယူသူအသင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏စေတနာကို နားလည်သဘောပေါက်စွာဖြင့် မိမိတို့၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချ၍ မိမိရပ်ရွာဒေသတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မုက္ကဒိကျေးရွာနှင့် နော်ဖဒိုကျေးရွာတို့မှ ဒေဒေါင်းအမျိုးအစား လယ်ထွန်စက် ငါးစီးနှင့် ဆက်စပ်ပစ္စည်း ဝယ်ယူသူ သမဝါယမအသင်း/အသင်းသားများအား စာရွက်စာတမ်းနှင့် စက်ကိရိယာများအား လွှဲပြောင်းပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ဒေဒေါင်းအမျိုးအစား လယ်ထွန်စက် ငါးစီး တန်ဖိုးငွေကျပ် ၇၈ သန်းနှင့် ဆက်စပ်ပစ္စည်း ထယ်၊ ထွန်များ၏ တန်ဖိုးငွေကျပ် ၁၁ ဒသမ ၉၉ သန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၉၉ သန်းတွင် နိုင်ငံတော်အစိုးရမှ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၄၄ ဒသမ ၉၉၅ သန်း ထောက်ပံ့ပြီး ဝယ်ယူသည့် သမဝါယမအသင်း/အသင်းသားများမှ ကျန် ၅၀ ရာခိုင်နှုန်းဖြစ်သော ၄၄ ဒသမ ၉၉၅ သန်းကိုသာ အရစ်ကျစနစ်ဖြင့် ခြောက်လတစ်ကြိမ် လေးရစ်ဖြင့် နှစ်နှစ်တာကာလအတွင်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပန်းတိုင်ဆီသို့

❖ ကိုဗစ်နဲ့ ပြည့်အရေး
ရှိသေးခဲ့ မှန်သည့်တိုင်
စိတ်ထားမယိုင်၊
ဇွဲလုံ့လ မတ်မတ်ခိုင်
ဆုံးခန်းတိုင် ပညာရေး၊
မယိမ်းယိုင် ပန်းတိုင်ဆီသို့
လှမ်းချီကြလေး။

❖ တက္ကသိုလ်ဝင် အထက်တန်း
အောင်ပန်းဆွတ် ပိုင်ရမည်
ကျောင်းသားပီပီ၊
ဝီရိယ အရင်းတည်
ဖြေခဲ့သည် မှန်ပေလည်း
လှမ်းမတော် လမ်းချော်ရသည်သို့
လဲကျတတ်မြဲ။

❖ လဲကျလည်း ပြန်ထလို့
တစ်ဖန်စဖို့ အားသစ်ရည်
ဇွဲလုံ့လတည်၊
အဖျက်သမား စကားပလီ
မယုံကြည် ရှင်းဖယ်လို့၊
မောင်နှင့်မယ် အချိန်မနှောင်းမီ
ကျောင်းပြန်တက်စို့။

❖ ပျက်အစဉ် ပြင်ခဏ
ပြင်တတ်မှ တိုးတက်မည်
ရည်မှန်းချက်ဆီ၊
မျက်ခြည်မပြတ် ရှေ့ဆက်ချီ
ပညာသည် ရတနာခဲ၊
ပညာလို အိုသည်မရှိမို့
အလိုရှိလျှင် ပန်းတိုင်မပျောက်
ရောက်ရပေမြဲ။ ။

ကြေးမုံဖြိုးသန့်(ရွှေရတု)

# မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇွန် ၂၀

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သက်တော်(၈၇)နှစ်ပြည့် ဝိဇာတ ပူဇာမင်္ဂလာနှင့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဂုဏပူဇာ မင်္ဂလာအခမ်းအနား ကျင်းပ

**ဟင်္သာတ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးရပ်ကွက် မိုးကောင်းကျောင်းလမ်း မိုးကောင်းပရိယတ္တိ စာသင်တိုက်အတွင်းရှိ အောင်ပြည့်ဖြိုးဦး သာသနာ့ဗိမာန်သိမ်တော်ကြီး၌ မိုးကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဓမ္မာစာရာ ဘိဝံသ မဟာထေရ်မြတ်ကြီး၏ သက်တော်(၈၇)နှစ်ပြည့် ဝိဇာတပူဇာမင်္ဂလာနှင့် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဂုဏပူဇာ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဟင်္သာတမြို့ မေဃဝတီပရိယတ္တိ စာသင်တိုက်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တသုဓမ္မာစာရာ ဘိဝံသ မဟာထေရ်မြတ်က ဩဝါဒ ချီးမြှင့်ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ မိုးကောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ သုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအား ဟင်္သာတမြို့ ဓမ္မဗိမာန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏာလင်္ကာရက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ ကြွရောက်တော်မူလာကြသော ပင့်သံဃာတော် ၁၀ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် စစ်တွေမြို့ ကလေးပြုစုရေးဌာနများသို့ သွားရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်

**စစ်တွေ ဇွန် ၂၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရှိ ကလေးပြုစုရေးဌာနနှင့် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ABC ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဖောင်ဒေးရှင်းသို့ သွားရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဦးစီးဌာနအောက်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားနေမှုနှင့် သင်တန်းသူများ၏ ချုပ်လုပ်ထားသော အဝတ်အထည်များအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန စစ်တွေ ကလေးပြုစုရေးဌာနတွင် စောင့်ရှောက်ထားသော ကလေးငယ်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြုများက ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ကလေးငယ်များအား နေ့လယ်စာနှင့် ဖြည့်စွက်စာကျွေးမွေးခြင်း၊ ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြပြီး စစ်တွေ ကလေးပြုစုရေးဌာနသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းဂံရပ်ကွက်ရှိ ABC ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဖောင်ဒေးရှင်းသို့ သွားရောက်ပြီး ကလေးသူငယ်များအား ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ ABC ဖောင်ဒေးရှင်းတာဝန်ရှိသူများထံသို့ ထောက်ပံ့ငွေကျပ် ၁၈၀၃၅၀၀ ကို ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးသူငယ်များအား နေ့လယ်စာနှင့် ဖြည့်စွက်စာများကျွေးမွေးကြပြီး ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၅) စတင်ဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ သတင်းမီဒီယာသမားများအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၅)ကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်းမ၌ ယနေ့ စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က တက်ရောက်အမှာစကား ပြောကြားပြီး မျက်မှောက်ကာလ သတင်းမီဒီယာလောက၏အခြေအနေများနှင့် ယှဉ်တွဲလျက် သတင်းတုသတင်းမှားများကို တန်ပြန်ချေဖျက်နိုင်မည့် သတင်းအမှန်များ ပိုမိုရေးသားနိုင်ကြစေရေး၊ အွန်လိုင်းစာမျက်နှာများပေါ်ရှိ သတင်းအမှားများကို ပြည်သူများက ကောင်းစွာသိရှိပြီး သတိပြုဆင်ခြင်နိုင်ကြစေရေးတို့အတွက် သတင်းသမားများ၏ အခန်းကဏ္ဍက အရေးကြီးပြီး သတင်းရေးသားဖော်ပြမှုများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုထံ ရောက်ရှိစေနိုင်မည့်နည်းလမ်းများကို ယခုသင်တန်းမှ ပို့ချဆွေးနွေးပေးသွားမည်ဖြစ်သည့်အတွက် ဂရုစိုက်လိုက်နာမှတ်သားကြရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကောင်စီဝင်များ၊ သင်တန်းသား သင်တန်းသူ သတင်းသမားများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၅)ကို ဇွန် ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (၂၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၀**

မျိုးစေ့ကျွမ်းကျင်မှု ဆိုင်ရာကော်မတီ (၂၂)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒေါက်တာနိုင်ကြည်ဝင်းတို့ ဦးဆောင်၍ ကျင်းပသည်။

အစည်းအဝေးတွင် စမ်းသပ်စိုက်ပျိုးပြီး ဆက်လက်ထောက်ခံတင်ပြမည့် သီးနှံရှစ်မျိုး၏ မျိုးကွဲ ၂၀ နှင့် သက်ဆိုင်ရာအချက်အလက်ဖြင့် တင်ပြရမည့် သီးနှံခုနစ်မျိုး၊ မျိုးကွဲ ၁၀ မျိုးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

လယ်ယာကဏ္ဍ၏ စိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးတက်ရေးနှင့် သီးနှံအရည်အသွေး မြင့်မားရေးတွင် အဓိကအရေးပါသည့် မျိုးစေ့ကဏ္ဍအရှိန်အဟုန်ကောင်းစွာဖွံ့ဖြိုးလာစေရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (TSC)က နည်းပညာရပ်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်တွေ့ရှိချက်များကို မှတ်ချက်ပြုတင်ပြခြင်းများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC)က တည်ဆဲဥပဒေများနှင့်အညီ ထိန်းကျောင်းစီမံဆောင်ရွက်နိုင်ရန် အထောက်အပံ့ ပြုပေးလျက်ရှိသည်။



ဒေသအသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ ခြံများနှင့် စိုက်ကွင်းများမှ ပညာရှင်များဖြင့် ဖွဲ့စည်း တာဝန်ပေးထားသော သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များက မျိုးစေ့မှတ်ပုံတင်ခွင့် တင်ပြလာသော သီးနှံမျိုးစေ့များကို စမ်းသပ်စိုက်ပျိုး၍ စနစ်တကျလေ့လာပြီး တွေ့ရှိချက်များ တင်ပြလာမှုအပေါ် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (TSC)အစည်းအဝေးက စိစစ်ဆွေးနွေးပြီး မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ (NSC)သို့ ဆက်လက် ပေးပို့တင်ပြသော လုပ်ငန်းစဉ်များ ပါဝင်ကြောင်းလည်း သိရသည်။

**သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မိဘ၊ ဆရာ ကျောင်းသားလူငယ်များ လောကကို အလှဆင်ရာဝယ်...

## ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

**လူတို့နေတဲ့ ကမ္ဘာဟာ ကျွန်းစုတွေလို လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ အယူဝါဒ၊ ဂုဏ်ပကာသန၊ ကျား/မ ဆိုပြီး ခွဲခြားထားတဲ့သဘောရှိတယ်။ မိမိကိုဗဟိုပြုခြင်းကို ကြည်နူးတတ်ကြပါတယ်။ ဘဝချင်းမညီ၊ အလွှာချင်း၊ ဝါဒချင်းမတူ စတဲ့အကြောင်းတရားတွေကြောင့် တစ်ဦးနဲ့ တစ်ဦး၊ အဖွဲ့အစည်းအသင်းအပင်းတို့ရဲ့ ပေါင်းသင်းဆက်ဆံမှုပုံသဏ္ဌာန်တွေဟာ ခြားနား၊ တစ်ဦးနဲ့တစ်ဦး အထင်အမြင်သေး၊ မထီမဲ့မြင်၊ မတူမတန်၊ မလေးမစား၊ အဆင့်အတန်းခွဲခြားမှုတွေ ဂိုဏ်းဂဏကွဲပြားခွဲခြားတဲ့သဘောကို တွေ့ရတတ်ပါတယ်။**

### ပုပ္ဖာစရိယ မိနှင့်ဖ

"အာရှတိုက်သားများဟာ ပညာရေးလိုက်စားသူ၊ အလုပ်ကြိုးစားသူတွေ၊ မိရိုးဖလာအိမ်ထောင်စုတွေအဖြစ် တည်တံ့ခဲ့ပါတယ်။ သို့သော်လည်း အရှေ့အာရှနိုင်ငံတွေမှာ အိမ်ထောင်ကွဲခြင်း၊ လင်မယားကွဲခြင်း၊ ရာဇဝတ်ဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်း၊ ဆယ်ကျော်သက်တွေ ကိုယ်ဝန်ဆောင်ဘဝရောက်လာခြင်းနဲ့ မိမစုံ၊ ဖမစုံ မိသားစုတွေ ပေါ်ပေါက်လာခဲ့ပါတယ်" လို့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုက ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က နိုင်ငံသားများကို အသိပေးပြောကြားခဲ့ပါတယ်။

ဘာကြောင့်ပြောရသလဲဆိုတော့ ခေတ်သစ်ကမ္ဘာကြီးက သယ်ဆောင်လာတဲ့ ပြောင်းလဲမှုအဟုန်ကြောင့် အာရှရဲ့ပင်ကိုတန်ဖိုးနဲ့ ယဉ်ကျေးတဲ့ စရိုက်လက္ခဏာတွေဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လာလို့ပဲဖြစ်ပါတယ်။ မြန်မာကတော့ ကလေးသူငယ်တွေ ပျိုးထောင်ရာမှာ လောကနီတိ၊ ပြည်သူ့နီတိတို့နဲ့ အစပျိုးခဲ့တာ ယနေ့အထိ ဖြစ်ပါတယ်။

"ကျွန်တော်/ကျွန်မတို့ မိသားစုဆိုတဲ့အိမ်က သွန်သင်ဆုံးမနိုင်တဲ့အရည်အသွေးနဲ့ အဆုံးအဖြတ်ဟာ တူညီတဲ့အကျိုး၊ အသီးအပွင့်ရပါလိမ့်မယ်။ "သင်စိုက်ပျိုးတဲ့အပင်၊ သင်ရိတ်သိမ်းမှာ" ဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်ရမ်းကားသူတို့သည်လည်းကောင်း၊ လူကောင်းလူတော်သူတော်စင်တို့သည်လည်းကောင်း အိမ်လို့ခေါ်တဲ့ မိဘရဲ့စောင့်ရှောက်သွန်သင်မှုအပေါ်မှာ မြစ်ဖျားခံတာချည်းဖြစ်ပါတယ်။ မိဘအနေနဲ့ သားစဉ်မြေးဆက်တို့အား စံနမူနာတွေကို လက်ဆင့်ကမ်းပေးကြရာမှာ လက်နက်စွဲကိုင်တဲ့မျိုးစေ့ကို စိုက်မှာလား၊ ငြိမ်းချမ်းရေးမျိုးစေ့စိုက်မှာလား ဒီနှစ်မျိုးပဲရှိပါတယ်။ ကိုယ်နေတဲ့နိုင်ငံအတွက် ငြိမ်းချမ်းသာယာတဲ့ မျိုးစေ့ချပေးရင် ကောင်းမွန်တဲ့ဘဝ၊ သာယာတဲ့ဘဝကို ထူးထူးခြားခြား တည်ဆောက်ပေးခြင်းပဲ၊ "စည်းကမ်းမဲ့တဲ့ လူ့အဖွဲ့အစည်းဟာ ရပ်တည်ရှင်သန်နိုင်စရာ အကြောင်းမရှိကြောင်း" Mrs. Reiko Uchida ရေးသော "Call the Heart: Act of Peace and Equality" စာအုပ်မှာ ရေးသားထားတာ ဖတ်ရှုရပါတယ်။ "ပုပ္ဖာစရိယ မိနှင့်ဖ" အမိအဖဟာ လက်ဦးဆရာတွေ၊ ဆရာကောင်းတွေက ကောင်း၍ မှန်ကန်တဲ့လမ်း၊ အကောင်းနဲ့အဆိုး ခွဲခြားတတ်အောင် ကျောင်းမှာ သွန်သင်ပေးကြရလိမ့်မယ်။

၁၉၉၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ချီကာဂိုမြို့မှာ သမ္မတကလင်တန်က အမေရိကန်လူထုကလေးတွေနဲ့ပတ်သက်ပြီး "ဘယ်သူ့ကို အပြစ်တင်မှာလဲ၊ ဘာဆက်လုပ်မလဲဆိုတာ မေးပါရစေ။ အစဉ်အလာကောင်းတွေကို အနာဂတ်သို့ သယ်ဆောင်ဖို့ပဲ။ လေးလေးစားစားပြောပါရစေ။ ကျွန်တော်တို့ဟာ အတိတ်ကို တံတားမထိုးတော့ပါဘူး။ အနာဂတ်သို့ သွားနိုင်တဲ့တံတားပဲ တည်ဆောက်ဖို့လိုပါတယ်" လို့ ပြောခဲ့ပါတယ်။

လူငယ်တွေစာတတ်မှ၊ ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ သူတို့ရဲ့အနာဂတ်ဟာ ရှင်သန်ရပ်တည်နိုင်မယ်။ လူတော်ရမယ်ဆိုတဲ့သဘောလောက်နဲ့တင် မလုံလောက်သေးဘူး။ စိတ်ကောင်းစေတနာကောင်း၊ ထူးချွန်ထက်မြက်တဲ့ ပင်ကိုအရည်အသွေး၊ နိုင်ငံကြီးသားစိတ်ဓာတ်ရှိပြီဆိုရင်တော့ လူကောင်းဖြစ်လာပါပြီ။ သူတို့ရဲ့အနာဂတ်ကို ကောင်းစွာတည်ဆောက်နိုင်ပါလိမ့်မယ်။ ဘဝဟာ အလွန်တန်ဖိုးရှိတဲ့ လက်ဆောင်ကြီးတစ်ခု ဖြစ်ပါတယ်။ အသက် ၁၈ နှစ်အရွယ်အထိ ဆယ်ကျော်သက်တွေဟာ လူ့အဖွဲ့အစည်းရဲ့ ဒေါက်တိုင်တွေပဲ။ ဒီဒေါက်တိုင်တွေ မခိုင်ခံ့ရင် လူ့အဖွဲ့အစည်းဟာ ပြိုလဲပျက်စီး ခြစားခံရမှာ သေချာပါတယ်။

> **"လူငယ်တွေစာတတ်မှ၊ ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ သူတို့ရဲ့အနာဂတ်ဟာ ရှင်သန်ရပ်တည်နိုင်မယ်။ လူတော်ရမယ်ဆိုတဲ့ သဘောလောက်နဲ့တင် မလုံလောက်သေးဘူး။ စိတ်ကောင်းစေတနာ ကောင်း၊ ထူးချွန်ထက်မြက်တဲ့ ပင်ကိုအရည်အသွေး၊ နိုင်ငံကြီးသား စိတ်ဓာတ်ရှိပြီဆိုရင်တော့ လူကောင်းဖြစ်လာပါပြီ။ သူတို့ရဲ့အနာဂတ်ကို ကောင်းစွာတည်ဆောက်နိုင်ပါလိမ့်မယ်။ ဘဝဟာ အလွန်တန်ဖိုးရှိတဲ့ လက်ဆောင်ကြီးတစ်ခုဖြစ်ပါတယ်။ အသက် ၁၈ နှစ်အရွယ်အထိ ဆယ်ကျော်သက်တွေဟာ လူ့အဖွဲ့အစည်းရဲ့ဒေါက်တိုင်တွေပဲ။ ဒီဒေါက်တိုင်တွေ မခိုင်ခံ့ရင်၊ လူ့အဖွဲ့အစည်းဟာ ပြိုလဲပျက်စီး ခြစားခံရမှာ သေချာပါတယ်"**

### တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားဖို့ မေ့နေကြ

ကျွန်တော်တို့ဟာ ဘဝတစ်လျှောက်လုံး အပြင်ကိုပဲကြည့်လေ့ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဆန်းစစ်မှုလုပ်ဖို့ဆိုတာ နည်းပါတယ်။ မိသားစုအတွင်း ကောင်းမွန်တဲ့အလေ့အထစံနမူနာတွေကို အချင်းချင်းသိအောင် ပြကြရမယ်။ ချိုသာတဲ့ကိုယ်နှုတ်အမူအရာ အပြုအမူတွေကိုလည်း သွန်သင်ပြသရမယ်။ မိဘတွေဟာ သားသမီးတွေကို မြေတောင်မြှောက်ပေး ကူညီနိုင်တဲ့တံတားဖြစ်ဖို့၊ ပညာသင်နိုင်တဲ့ လမ်းတွေဖောက်၊ လမ်းတွေ၊ ကျောင်းတွေမှာ အန္တရာယ်ကင်းဖို့၊ မူးယစ်ဆေးနဲ့ကင်းဖို့၊ ဆင်းရဲတွင်းက အမြစ်ဖြတ်ဖို့၊ အနာဂတ်မျိုးဆက်တို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ပဲ ဖြစ်ပါတယ်။ ဒါဆိုရင် သားသမီးမြေးမြစ်တို့ရဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ စဉ်းစားပုံတွေဟာ မှန်ကန်ပြီး မြင့်မားလာလိမ့်မယ်။ လူမှုအသိုင်းအဝိုင်းအတွင်း သူတို့တွေရဲ့အခန်းကဏ္ဍဟာလည်း ပို၍ပီပြင်လာလိမ့်မယ်။

မိဘမျက်စိအောက်က လွန်တဲ့နေ့တွေမှာ ကျောင်းတွေက ဆရာဆရာမတွေကလည်း ဒီသဘောတွေဆောင်တဲ့ အလေ့အထတွေကို သင်ပြရပါမယ်။ ဆရာကောင်းတို့လိုလားတာက တပည့်တွေရဲ့ ဘက်စုံစွမ်းဆောင်ရည် မြင့်မားဖို့ပဲ။ ရှစ်နှစ်အရွယ် ကလေးတစ်ယောက်ဟာ စာအုပ်ကိုလက်ညှိုးထိုးပြီး အဲဒီစာအုပ်ကို ကိုယ်တိုင်ဖတ်တတ်ပြီလို့ ပြောသံကြားလိုခြင်းပါပဲ။ ကလေးတွေဟာ နည်းပညာတွေရရေး၊ အားထုတ်သင်နေသလိုပဲ၊ ကိုယ်ကျင့်တရားကောင်းဖို့၊ ယဉ်ကျေးသိမ်မွေ့လိမ္မာဖို့၊ သိက္ခာရှိဖို့ မေ့နေတတ်ပါတယ်။ တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားဖို့ မေ့နေလေ့ရှိကြပါတယ်။ ပစ္စည်းတွေ၊ ကားတွေ၊ တိုက်တာတွေနဲ့ ရွှေငွေတွေက ယနေ့ခေတ်မှာ အချစ်ခံနေရတယ်။

စာပေ၊ ဂီတ၊ အနုပညာ၊ အားကစားနဲ့ ချစ်ခြင်းမေတ္တာတွေဝေဖြာပြီး ကျန်းမာချမ်းသာဖို့၊ အမုန်းတရားတွေကင်းစင်ဖို့၊ အခြားသူတို့ ပျော်ရွှင်ငြိမ်းချမ်းဖို့ဆန္ဒ၊ အကျိုးဖြစ်ထွန်းလိုတဲ့စိတ်၊ ဒုက္ခအပေါင်းက ကင်းဝေးစေလိုတဲ့စိတ်တွေ ပေါ်ဖို့ဖြစ်ပါတယ်။ ရောဘတ်ကိုးလ် (Robert Coles)ဆိုသူဟာ ကလေးတွေမှာ ကြင်နာမှုဖွံ့ဖြိုးလာပုံကို စူးစမ်းလေ့လာခဲ့ပါတယ်။ ဒီလိုလေ့လာရာမှာ မိဘတွေရဲ့မေးခွန်းတွေနဲ့စခဲ့ပါတယ်။ ကလေးတွေဟာ–

တစ်ညလုံး အိပ်ကြရဲ့လား။

စာဖတ်တတ်ဖို့ သင်ယူကြရဲ့လား။

အမှတ်ကောင်း၊ ဂရိတ်ကောင်းကောင်း ရကြရဲ့လား။

အသင်းလိုက်အစုလိုက် ခရီးထွက်ကြရဲ့လား။

မူးယစ်ဆေးဝါးတွေကို ရှောင်နိုင်ကြရဲ့လား။

ကာမဆက်ဆံမှုကို တာဝန်သိ၊ တာဝန်ရှိမှန်း သိကြရဲ့လား။

ကျောင်းကောင်းကောင်း၊ အဆင့်ရှိကျောင်းသို့ ရောက်နိုင်ကြပါမလား။

ဒီလိုကျယ်ဝန်းလှတဲ့ စိုးရိမ်ပူပန်မှုတွေ၊ ဆန္ဒတွေပါဝင်တဲ့ မေးခွန်းတွေနဲ့ ကလေးတွေကြီးပြင်းလာသည်အထိ မိဘတွေဟာ ကိုယ့်ကိုယ်ကိုယ် စိုးရိမ်တကြီးမေးနေကြပါတယ်။ ထို့ထက်ပိုပြီး အရေးပါတဲ့မေးခွန်းကတော့ "ကလေးတွေဟာ လူကောင်းတွေ၊ လိမ္မာရေးခြားရှိကြသူတွေ ဖြစ်လာကြမလား"ဆိုတာဖြစ်ပါတယ်။ ဘာကြောင့် ဒီမေးခွန်းတွေ မေးပါသလဲ။ ပညာရည်မြင့်မားရေးသာမက ကိုယ်ချင်းစာစိတ်ရှိဖို့၊ ကောင်းမွန်တဲ့ဘဝ၊ သာယာတဲ့ဘဝကို ယှဉ်ပြိုင်မှုများတဲ့ခေတ်မှာ ကလေးတွေနဲ့ တည်ဆောက်ချင်၊ အလှဆင်ချင်လို့ပါပဲ။

### ငယ်စဉ်ကပင် ကစားဖို့အချိန်မရတဲ့ခေတ်

မြန်မာနိုင်ငံမှာတော့ ကျောင်းနေအရွယ်ကလေးတွေဟာ ငယ်စဉ်ကပင် စာတွေနဲ့ပိနေပြီး ကစားဖို့အချိန်မရ၊ စာမေးပွဲရယ်၊ အမှတ်ရယ်၊ ဂုဏ်ထူးရယ်နောက်ကိုပဲ လိုက်နေကြတယ်။ သုတ်သုတ်သွား၊ သုတ်သုတ်စား၊ အမြန်စားအစားအစာ (Quick-food) တွေကြောင့် ကလေးတွေဟာ အဝလွန်နေကြတယ်။ ဗီဒီယိုဂိမ်းနဲ့ တီဗီရှေ့မှာ တစ်နေရာတည်း ထိုင်နေကြတာကြောင့် လှုပ်လှုပ်ရှားရှားမရှိ။ မိဘနဲ့ ဆရာတွေပင် ပုံမှန်ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုလိုက်စားဖို့ လိုအပ်တာ တွေ့မြင်ရပါတယ်။

အကြောင်းညီညွတ်အလျဉ်းသင့်လို့တင်ပြရရင် စင်ကာပူနိုင်ငံကတော့ ထူးကိုထူးခြားပါတယ်။ အားလုံးအတွက် အားကစား (Sports For all) ကို ၁၉၉၀ ပြည့်နှစ်များ ဝန်းကျင်မှာ ဆောင်ရွက်ခဲ့ရာ ကျောင်းသားတွေ၊ ကုမ္ပဏီဝန်ထမ်း၊ အစိုးရဝန်ထမ်းတွေ ပါဝင်ခဲ့တာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံကျောင်းတွေ၊ တက္ကသိုလ်တွေမှာ အလားတူအားကစားလှုပ်ရှားမှုတွေကို တွေ့မြင်ရသော်လည်း စာတွေကုန်းကျက်တဲ့ လူငယ်လူရွယ် သေးသေးသွယ်သွယ်၊ ကန္တကလျတွေကိုတွေ့ရတော့ လောကကို အားကစားနဲ့ အလှဆင်ပေးမယ့်သူတွေ ရှားပါးလာပါတော့တယ်။

၂၀၃၀ ပြည့်နှစ်မှာ စင်ကာပူနိုင်ငံရဲ့ မျှော်မှန်းချက်တစ်ခုက အားကစားနဲ့ အနာဂတ်မှာ အသင့်ဖြစ်ရေး (Future Ready Through Sports) ဖြစ်ကြောင်း ထူးခြားစွာတွေ့ရှိရပါတယ်။ ဝန်ကြီးချုပ်ဟောင်း ဂိုချောက်ထောင်လက်ထက်မှာ စင်ကာပူတို့ဟာ ငွေပုံပေါ်မှာ အမြဲထိုင်မနေဘဲ တေးဂီတမှာလည်း မွေ့လျော်တတ်ဖို့ နှိုးဆော်ပြောရာမှာ ကြေး၊ ကြိုး၊ လေ၊ လက်ခုပ်၊ တူရိယာတစ်ခုခုကို တီးမှုတ်တတ်ဖို့ တိုက်တွန်းခဲ့ရာ အောင်မြင်ခဲ့ပါတယ်။ အားကစားနဲ့ တေးဂီတလှုပ်ရှားမှုကြီးဖြစ်ပါတယ်။

### အားကစားလှုပ်ရှားမှု

အားကစားတစ်မျိုးမျိုးကို ကျောင်းစာသင်ရင်းထည့်သွင်းခြင်းဟာ သင်ကြားသင်ယူမှုဟာ ပျော်ရွှင်ဖွယ်၊ ဘဝကွက်လပ်ကို ဖြည့်ဆည်းရာရောက်တယ်လို့ဆိုပါတယ်။ အားကစားဟာ ဆရာကဲ့သို့ပါပဲ။ နုနယ်ငယ်ရွယ်သူတို့အား ကောင်းမွန်တဲ့ကိုယ်ကျင့်လက္ခဏာတွေနဲ့ စည်းကမ်းတွေကို မွေးပေးလိုက်ပါတယ်။ ယူနီဆက်ကလည်း ဒီလိုအပ်ချက်ကို မီးမောင်းထိုးပြထားပါတယ်။ အားကစားလှုပ်ရှားမှုကို ငယ်စဉ်ကပင် မိတ်ဆက်ထားဖို့၊ အားကစားဟာ တရားမျှတဖို့၊ ကျန်းမာရွှင်လန်းစေတဲ့ ယှဉ်ပြိုင်မှုလို့ ခံယူကြရမယ်။


အားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက်က အားကုန်ထုတ်လေ့ကျင့်ကြရမယ်။ ဉာဏ်ကူရမယ်၊ ဉာဏ်ထုတ်ရမယ်ဆိုတဲ့ အလေ့အထတွေရသွားစေတယ်ဆိုတာ အားကစားလုပ်သူတို့ သိလာတယ်။ အပြုံးမပျက် ရှုံးနိမ့်ခြင်းကို လက်ခံနိုင်တဲ့ အရည်အသွေးတွေရှိလာပါတယ်။ အားကစားက ဘဝအတွက် သင်ပေးလိုက်တာကတော့ အားကုန်ထုတ်လုပ်ဖို့ စိတ်ဆန္ဒပြင်းပြရမယ်ဆိုတာပါပဲ။ ဒီလိုကောင်းခြင်း ကြန်အင်လက္ခဏာတွေဟာ သူတို့လေးတွေ ကြီးပြင်းလာတာနဲ့အမျှ တန်ဖိုးတွေရှိ၊ မြင့်သည်ထက်မြင့်လာပါလိမ့်မယ်။

(ဆက်လက်ဖော်ပြပါမည်)

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ



တွဲပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး



NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း

*(ယမန်နေ့မှအဆက်)*

**တွဲပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က ယခုမိမိမေးလိုသည့်မေးခွန်းကို ယခင်သတင်းစာရှင်းလင်းပွဲ နှစ်ကြိမ်တိုင်တိုင် ဆက်တိုက်မေးခဲ့ကြောင်း၊ မိမိအနေဖြင့် တိုင်းရင်းသား ပါတီအချို့နှင့်လည်း လိုက်လံတွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့၏သဘောထားကိုလည်း နားထောင်ခဲ့ကြောင်း၊ PR စနစ်ကို တိုင်းရင်းသားပါတီ အတော်များများနှင့် တိုင်းရင်းသားပြည်သူလူထု အတော်များများက နှစ်သက်ကြသည်ကို တွေ့ခဲ့ရကြောင်း၊ တိုင်းရင်းသားများက မည်သည့် PR စနစ်ကို အသုံးပြုမည်ကိုသိလိုကြကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် PR စနစ်ကို အသုံးပြုမည်ဟု မိမိတို့သိထားကြောင်း၊ မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် PR စနစ်ဟုဆိုရာတွင် မည်သည့် PR စနစ်ကို အသုံးပြုမည်ဆိုသည်ကို သိလိုကြောင်း၊ အမျိုးသားလွှတ်တော်ကို အသုံးပြုမည်၊ ပြည်သူ့လွှတ်တော်ကို အသုံးပြုမည်ဆိုသည်ကိုသိလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ကို အသုံးပြုမည်ဆိုပါက ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရမည့်အခြေအနေဖြစ်သည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်များကို မည်သည့်အချိန်ခန့်တွင် ဖွဲ့စည်းမည်ကို သိလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် Door To Door စနစ်ဖြင့် မဲစာရင်းပြုစုခြင်းများနှင့် လူဦးရေစာရင်းကောက်ယူခြင်းကို စတင်ဆောင်ရွက်မည်ဟုသိရကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိရန် လိုအပ်သည်ဟု မိမိအနေဖြင့် ထင်မြင်မိကြောင်း၊ ၎င်းတို့အနေဖြင့်လည်း အနည်းငယ်ပိုမိုသိရှိထားခြင်းဖြင့် အခက်အခဲအချို့ ပြေလည်နိုင်မည်ဟု တွေးမိသောကြောင့် ယခုကဲ့သို့ မေးမြန်းခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားပါတီများကို PR စနစ်နှင့်ပတ်သက်၍ မည်သည့်အချိန်ခန့်တွင် ချပြသွားမည်ကိုသိလိုကြောင်း၊ တိုင်းရင်းသားပါတီများအနေဖြင့်လည်း ၎င်းတို့၏ပါတီဝင်များကို PR စနစ်နှင့်ပတ်သက်၍ ချပြရန်လိုအပ်သည်ဟုဆိုသည့် ၎င်းတို့၏ မေးမြန်းချက်များအရ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ကြောင်း မေးမြန်းသည်။

### မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယင်းကိစ္စများကို ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း သတင်းထောက်ကြီး မေးမြန်းခဲ့ကြောင်း၊ မိမိအနေဖြင့်လည်းထပ်မံရှင်းပြမည်ဖြစ်ကြောင်း၊ PR စနစ်သည် မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်ကြောင်း၊ ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပြီးမဲပေးကြကြောင်း၊ မဲပေးသည့်အခါ ပါတီများနှင့်တစ်သီးပုဂ္ဂလများက ယှဉ်ပြိုင်ကြကြောင်း၊ ၎င်းတို့ရရှိသည့် ခိုင်လုံမဲအပေါ်မူတည်ပြီးမှသာ လွှတ်တော်နေရာကို အချိုးကျရရှိသည့်စနစ်ဖြစ်ကြောင်း၊ ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး အချိုးကျရရှိသည့်စနစ်ဖြစ်ကြောင်း၊ PR စနစ်နှင့်ပတ်သက်၍ ပါတီများနှင့် လေးကြိမ်တွေ့ပြီး စာတမ်းများဖတ်ပြီးမှ အသေးစိတ်ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံ၏ ပညာရေးအနေအထား၊ ရွေးကောက်ပွဲအတွေ့အကြုံများအရ Closed List PR ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဥပဒေထွက်လာသည်နှင့် အားလုံးရှင်းသွားမည်ဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်အတွက် မြို့နယ်ကိုအခြေခံ၍သော်လည်းကောင်း၊ လူဦးရေကို အခြေခံ၍သော်လည်းကောင်း ၃၃၀ ထက်မပိုသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီကို ၁၂ ဦးနှုန်းနှင့် ၁၆၈ ဦး ရွေးကောက်တင်မြှောက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ပြင် တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ယင်းကိုတင်ပြသည့်အခါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုလျှင် သတ်မှတ်သည့် ၃၃၀၊ ၁၆၈ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်ပြီး အရေအတွက်မပြောင်းလဲကြောင်း၊ သို့သော် မဲဆန္ဒနယ်ကို ယခင်က တစ်နယ်လျှင် တစ်ယောက်ရွေးပြီး ယခုအခါ မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာ သတ်မှတ်လိုက်ကြောင်း၊ ထိုသို့သတ်မှတ်ပြီးမှ သတ်မှတ်သည့်မဲဆန္ဒနယ်ရှိ ကိုယ်စားလှယ်ဦးရေအတိုင်း သက်ဆိုင်ရာပါတီများမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ရရှိသည့်မဲဆန္ဒနယ်အချိုးကျအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဖြစ်ပြီး မဲဆန္ဒနယ်ကို ကျယ်ပြန့်စွာသတ်မှတ်ခြင်းမှာ အဆင်ပြေကြောင်း၊ မဲဆန္ဒနယ်ကို သတ်မှတ်ခြင်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အရသော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်ကြောင်း၊ ထိုအတိုင်း ဆောင်ရွက်လိုက်လျှင် ပြည်သူ့လွှတ်တော်ရော၊ အမျိုးသားလွှတ်တော်ရော ဆောင်ရွက်၍ရပါကြောင်း။

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်သည် တစ်မြို့နယ်လျှင် နှစ်ယောက်ရွေးရပါကြောင်း၊ PR စနစ်ဆိုသည်မှာ တစ်ယောက်ထက်ပိုလျှင် PR စနစ်ကျင့်သုံး၍ရပါကြောင်း၊ တစ်ယောက်တည်းသာ FPTP ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မြို့နယ်ကို မဲဆန္ဒနယ်တစ်နယ်လုပ်လိုက်ပြီး PR စနစ်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်နှစ်ယောက်ကို ရွေးချယ်ခြင်းအားဖြင့် PR စနစ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ဆောင်ရွက်၍ရကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံးကို PR စနစ်ဖြင့် ရွေးကောက်ပွဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်တွင်ပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသခြောက်ခုတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရကြောင်း၊ ထိုကဲ့သို့ကိုယ်စားလှယ်တစ်ဦးစီသာ ရွေးကောက်တင်မြှောက်ရသည့် မဲဆန္ဒနယ်များအတွက်မူ FPTP စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### မျှတမှုရှိစေရန် သတ်မှတ်ပေးသွားမည်

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တွင် သက်ဆိုင်ရာဥပဒေနှင့်အညီရရှိသည့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ၏ နေရာများရှိကြောင်း၊ အဆိုပါ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအတွက် နေရာမှာလည်း တစ်ယောက်သာ ရွေးချယ်ရသောကြောင့် FPTPစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒနယ်သတ်မှတ်ခြင်းဆိုသည့်ကိစ္စပေါ်ပေါက်လာကြောင်း၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မှာ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သာဖြစ်သောကြောင့် ရှင်းပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် သတ်မှတ်ရာတွင် ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်၏ အကျယ်အဝန်း၊ ပထဝီအနေအထား၊ နေထိုင်သည့်လူဦးရေ၊ တိုင်းရင်းသားလူမျိုးစုများ စုဖွဲ့နေထိုင်မှု အနေအထားစသည့် အခြေအနေများကို မူတည်၍ မျှတမှုရှိစေရန် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းထားသည့် မြို့နယ်များ၊ ခရိုင်များအပေါ်မူတည်၍ စနစ်တကျအချိုးညီ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏စာရင်းများအရ ၎င်းတို့ရရှိမည့် ခိုင်လုံမဲအပေါ်မူတည်၍ အချိုးကျရရှိမည်ဖြစ်ကြောင်း။

PR စနစ်ကို ကျင့်သုံးခြင်းဖြင့် တိုင်းရင်းသားလူနည်းစုအနေဖြင့် မိမိတို့ဒေသအလိုက် ရွေးကောက်တင်မြှောက်ခံရသည့် အခွင့်အရေးများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး မိမိလူမျိုးစုနှင့် မိမိဒေသအကျိုးကို ပိုမိုဆောင်ရွက်နိုင်မည့်အခွင့်အရေး၊ အကျိုးကျေးဇူးရလဒ်များ ရရှိလိမ့်မည်ဟု ဖြေကြားလိုကြောင်း၊ အစောပိုင်းက သတင်းထောက်ကြီး မေးမြန်းခဲ့သည့် ကော်မရှင်များနှင့်အဖွဲ့ခွဲများကိစ္စကို ပြန်လည်ဖြေကြားရမည်ဆိုပါက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် မိမိတို့အဖွဲ့ရုံးများရှိကြောင်း၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင် ကော်မရှင်ရုံးများအသီးသီးရှိကြောင်း၊ အဆိုပါရုံးများမှာ ယခုလက်ရှိ မဲစာရင်းများနှင့်ပတ်သက်၍ အခြေခံအကျဆုံး ပထမအဆင့်ကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ မဲစာရင်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စနစ်တကျဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အလားတူ ထပ်မံဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အများယုံကြည်သည့်ပုဂ္ဂိုလ်များဖြင့် ကော်မရှင်ခန့်သည့်ကိစ္စများကိုလည်း ယခင်ဖြေကြားခဲ့သကဲ့သို့ အချိန်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တွဲပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က ပြန်လည်ဖြေကြားခဲ့သည့် အချက်များအထဲတွင် မရှင်းသည့် အချက်တစ်ချက်ရှိကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကို မူလအတိုင်း ရွေးချယ်မည်ဟုသိရကြောင်း၊ နောက်ဆက်တွဲဖြေကြားချက်တွင် အဆိုပါဒေသတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးစု၏ အရေအတွက်ဟု ပြောထားကြောင်း၊ တိုင်းဒေသကြီးပြည်နယ်လွှတ်တော်တွင်ဆိုပါက တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ်နေရာများ ပါဝင်သည်ဆိုသည့်ပုံစံမျိုးကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက်ပါ ထည့်သွင်းစဉ်းစားထားသည်ဆိုသည့်သဘောမျိုးကို တွေ့ရကြောင်းမေးမြန်းသည်။

### ကိုယ်စားလှယ်အရေအတွက် အတူတူဖြစ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိဖြေကြားသည့်သဘောတရားကို သတင်းထောက်ကြီး နားမရှင်းသောကြောင့်ဖြစ်လိမ့်မည်ဟု ထင်မြင်မိကြောင်း၊ ဥပဒေများနှင့် နည်းဥပဒေများ ထုတ်ပြန်ထားသည်ကိုလည်း အနည်းငယ်ပြန်၍ လေ့လာစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ဟု ဆိုရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုနှင့်သာသက်ဆိုင်ကြောင်း၊ ထိုတိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မှ ၎င်းနှင့်သက်ဆိုင်သည့် တိုင်းရင်းသားလူမျိုးစု၏မဲစာရင်းမှသာ မဲပေးရခြင်းဖြစ်ကြောင်း၊ ထိုအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အတူတူဟုဆိုရာတွင် ကိုယ်စားလှယ်အရေအတွက် အတူတူဖြစ်သည်ကို ဆိုလိုကြောင်း၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် ကွဲပြားပါကြောင်း၊ မိမိအနေဖြင့် သေသေချာချာ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က ဖြိုးဇေယျာသော်အပါအဝင် ကိုဂျင်မီတို့ကို သေဒဏ်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာက နိုင်ငံတော်အစိုးရဆီသို့ သက်ညှာပေးရန်စာများရေးသားပေးပို့သည်ဟု သိရကြောင်း၊

**စာမျက်နှာ ၁၁ သို့** ★

★ **စာမျက်နှာ ၁၀ မှ**

ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့သဘောထားများရှိသည်ကို သိလိုပါကြောင်း၊ ယခင်အစိုးရလက်ထက်က ရန်ကုန်မြို့သစ်စီမံကိန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် မည်သို့လုပ်ဆောင် ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**တရားဥပဒေစိုးမိုးရေးအရလုပ်ဆောင်**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ၎င်းတို့နှင့်ပတ်သက်ပြီး မည်သည့်ပြစ်မှုများကျူးလွန်ခဲ့သည်ကို မီဒီယာများ မေးမြန်းခဲ့သည်ကို ယခင်ကလည်း စုံစုံလင်လင် ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ အကြောင်းရှိသည့်အတွက် အကျိုးဖြစ်သည်ဟု ပြောလိုကြောင်း၊ တချို့ကိစ္စများသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုင်းသည်လည်း ဆောင်ရွက်ရသည့် အခြေအနေမျိုးရှိကြောင်း၊ ထိုပြစ်ဒဏ်နှင့်ပတ်သက်ပြီး နိုင်ငံတကာတွင် ပြစ်ဒဏ်မပေးသည့်နိုင်ငံရှိပြီး ပြစ်ဒဏ်ပေးသည့် နိုင်ငံပေါင်း ၇၀၊ ၈၀ နီးပါးခန့်ရှိကြောင်း၊ သို့သော် ထိုပြစ်ဒဏ်မျိုးရှိသော်လည်း ဆိုင်းငံ့ထားပြီး လတ်တလောတွင် ပြစ်ဒဏ်မပေးသည့်နိုင်ငံများလည်းရှိကြောင်း၊ ကမ္ဘာတွင် နိုင်ငံပေါင်းမည်မျှရှိသည်ကို စဉ်းစားကြည့်လျှင် ယင်းကဲ့သို့ပြစ်ဒဏ်မျိုး ချမှတ်နိုင်သည့် နိုင်ငံပေါင်း ရာနှင့်ချီရှိသည်ကို သိနိုင်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအရ လိုအပ်လျှင်လိုအပ်သလို လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် ၎င်းတို့ကို ရည်ညွှန်းခြင်းဆိုသည်ထက် မိမိတို့နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကဏ္ဍ၌ နောင်တွင် အလားတူဖြစ်စဉ်မျိုးများ မလုပ်နိုင်အောင်၊ မလုပ်ရအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ လက်ချက် အားပေးအားမြှောက်မှုကြောင့် အပြစ်မဲ့ ပြည်သူလူထုအနည်းဆုံးလူဦးရေ ၅၀ ကျော် သေဆုံးခဲ့ရကြောင်း၊ ယင်းကိစ္စတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ မပါဝင်ကြောင်း၊ ထို့ကြောင့် တရားမျှတမှုမရှိဘူးဟု မည်သည့်အတွက်ကြောင့် ပြောပါသနည်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာ၏ ပြယုဂ်ဖြစ်သည့်မဏ္ဍိုင်ကြီးများနှင့်ပတ်သက်ပြီး တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်များကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့လုပ်ဆောင်ရာတွင် လိုအပ်သည့်အချိန် လိုအပ်သလိုလုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး အကျယ်တဝင့် ပြောကြားပြီးဖြစ်သည့်အတွက် ထပ်မံပြောကြားရန်မရှိကြောင်း၊ မြို့သစ်စီမံကိန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းအစိုးရအဖွဲ့အနေဖြင့် အဖွဲ့ဖွဲ့စည်းပြီး လေ့လာသုံးသပ်နေဆဲ အခြေအနေသာရှိသေးကြောင်း ပြန်လည်ဖြေကြားသည်။

**NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့မှ ယနေ့အချိန်ထိ တစ်လျှောက်လုံး တပ်မတော်ကို နိုင်ငံရေး အသိုင်းအဝိုင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၊ တချို့သော လူမှုအသိုင်းအဝိုင်းများတွင် လက်ညှိုးဝိုင်းထိုးစရာနေရာကနေပြီး နှစ်ပေါင်း ၇၀ ကျော် တစ်လျှောက်လုံး အသုံးတော်ခံနေရသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအခြေအနေကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းထဲ၌ ပြောစရာအဖြစ် သတ်မှတ်ခြင်းခံရသည့်အထဲမှ တဖြည်းဖြည်းပြန်နုတ်ထွက်သည့် သဘောမျိုးလား၊ ထိုမှမဟုတ် မိမိတို့၏အခန်းကဏ္ဍကို တာဝန်ထမ်းဆောင် ပြင်ဆင်နေခြင်းမျိုးလား၊ တပ်မတော်လိုချင်သည့် အနာဂတ်နိုင်ငံရေးပုံစံက မည်သည့်ပုံစံဖြစ်သည်ကို သိလိုကြောင်းမေးမြန်းသည်။

**“ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အဓိကအချက်နှစ်ချက်ကို အခြေခံပြီးဆွေးနွေးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့်ပြည်ထောင်စု၊ ယင်းတို့နှင့်ပတ်သက်ပြီး အခြေခံမူဝါဒကိုရေးဆွဲပြီး ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနှစ်ချက်သည် မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်ကြောင်း၊ ယင်းကိစ္စများကိုမူတည်ပြီး ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့်ကိစ္စလည်းဖြစ်ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် EAO များနှင့်လည်း အခြေခံမူများနှင့်ပတ်သက်ပြီး လက်ခံခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ခိုင်ခိုင်မာမာအာမခံထား”**

**အဓိကအချက်နှစ်ချက်ကို အခြေခံပြီးဆွေးနွေး**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် တပ်မတော်၏ နိုင်ငံရေးနှင့်ပတ်သက်ပြီး မေးသည်ဟုယူဆကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အဓိကအချက် နှစ်ချက်ကိုအခြေခံပြီး ဆွေးနွေးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့်ပြည်ထောင်စု၊ ယင်းတို့နှင့်ပတ်သက်ပြီး အခြေခံမူဝါဒကိုရေးဆွဲပြီး ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနှစ်ချက်သည် မိမိတို့၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်ကြောင်း၊ ယင်းကိစ္စများကို မူတည်ပြီးဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့်ကိစ္စလည်း ဖြစ်ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် EAO များနှင့်လည်း အခြေခံမူများနှင့်ပတ်သက်ပြီး လက်ခံခဲ့ကြောင်း၊ သတင်းထောက်ကြီးမေးသည့်မေးခွန်းထဲတွင်ပါသည့်အမေးက ယခုအဖြေနှင့်တစ်ဝက် ပြေလည်မည်ဟုထင်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ခိုင်ခိုင်မာမာအာမခံထားကြောင်း၊ EAO အဖွဲ့အစည်းအသီးသီးနှင့် ဆွေးနွေးခဲ့သည့်အချိန်တွင် ယင်းနှစ်ချက်အပေါ်အခြေခံပြီး ၎င်းတို့၏အမြင်များ၊ တောင်းဆိုမှုများ၊ ဖြစ်လိုသည်များကို သိခဲ့ရကြောင်း၊ ထိုအပေါ်တွင်လည်း မိမိတို့လေးစားမှတ်သားမှုရှိသည်ကို ယခုပြောလိုကြောင်း၊ ထိုအထဲမှဖြစ်နိုင်သည်များ၊ ဖြစ်သင့်သည်များ လုပ်ဆောင်ခြင်းသည် မိမိတို့လိုက်လျောမှုဖြစ်ကြောင်း၊ ယခင်တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင်လည်း ယခုမေးခွန်းကိုမေးမြန်းခဲ့သည့်အတွက် ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်အခြေအနေ ၊ မည်သည့်ရည်မှန်းချက်ရှိသည်ကို ဖြေကြားခဲ့ပြီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကအားစိုက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယခင်က မိမိဖြေကြားခဲ့သည့်အဖြေနှင့် ထိုသို့လုပ်ဆောင်ရန်အတွက် မည်သို့သော အခြေအနေဖန်တီးမှုများယူနေသည်ကို ဆက်စပ်တွေးပြီး သိနိုင်မည်ဟု ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က တပ်မတော်အပေါ် ခေတ်အဆက်ဆက် နိုင်ငံရေးအသိုင်းအဝိုင်းက လက်ညှိုးထိုးခံရခြင်းနှင့်ပတ်သက်ပြီး တပ်မတော်အနေဖြင့် မည်သို့ပြောလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပုံစံအမျိုးမျိုးဖြင့် ပုံဖော်ခြင်းခံရ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တပ်မတော်အနေဖြင့် ပုံစံအမျိုးမျိုးဖြင့် ပုံဖော်ခြင်းခံရကြောင်း၊ ၁၉၄၇ ခုနှစ်ကတည်းက စတင်ပုံဖော်ခဲ့ခြင်းရှိကြောင်း၊ လွတ်လပ်ရေးမရမီ ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံ နိုင်ငံရေးအယူအဆကိုပြောခြင်းမဟုတ်ဘဲ ဖြစ်တည်နေသည့် သဘောတရားအရပြောခြင်းဖြစ်ကြောင်း၊ ထိုအချိန်က တပ်မတော်နှစ်ရပ်ဟု ပြော၍ရကြောင်း၊ အင်္ဂလိပ်တို့တည်ထောင်ခဲ့သည့်တပ်မတော် မြန်မာနိုင်ငံမှ ဆုတ်ခွာသွားချိန်၊ အိန္ဒိယနိုင်ငံ **ဆင်းမလားအထိ** လိုက်သွားသည့် တပ်မတော်တစ်ရပ်ရှိကြောင်း၊ တချို့ဗမာနှင့်ဖွဲ့ထားသည့်တပ်များရှိသကဲ့သို့ တိုင်းရင်းသားများနှင့် ဖွဲ့ထားသည့်တပ်များရှိကြောင်း၊ ထို့ပြင်ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ဟူသည့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးဖွဲ့စည်းထားသည့် တပ်မတော်တစ်ရပ်ရှိကြောင်း၊ ၁၉၄၇ ခုနှစ် စတင်ဆောင်ရွက်သည့်အချိန် ကန္ဒီစာချုပ်မချုပ်ဆိုခင်အပိုင်းတွင် ပြန်လည်တာဝန်ထမ်းဆောင်ခြင်း၊ ပေါင်းစည်းခြင်းတို့ကို (ဘီအိုင်အေ)က အားလုံးသိမည်ဖြစ်ကြောင်း၊ (ဘီအိုင်အေ)မှ အဆင့်ဆင့် (ဘီဒီအေ )အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ လိုအပ်လျှင်လျှော့ပြီးဖွဲ့စည်းထားခြင်းရှိကြောင်း၊ ထိုသို့ဖွဲ့စည်းသည့်အတွက် ပြောင်းလဲခြင်းနှစ်ခုရှိကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဆင့်၊ စစ်ဦးစီးချုပ်အဆင့်သည် ထိုအချိန်တွင် ကရင်အမျိုးသား ဗိုလ်ချုပ်ကြီး စမစ်ဒွန်းတို့ စတင်ဆောင်ရွက်ခဲ့ကြောင်း။

နေသူရိန်လူထုအစည်းအဝေးပွဲကြီး လုပ်ခဲ့ကြောင်း၊ တပ်မတော်သည် ခိုင်မာရေး၊ တပ်မတော်တစ်ရပ်တည်း ထားရှိရေးရှိခဲ့ကြောင်း၊ ထိုအချိန်ကတည်းကတိုင် တချို့သောနိုင်ငံရေးသမားများက (ဘီအိုင်အေ)၊ (ဘီဒီအေ) ကို တရားမဝင်ဟု လက်ညှိုးထိုးခြင်းရှိခဲ့ကြောင်း၊ ယင်းသို့ပုံဖော်လာခြင်းသည် အချိန်မည်မျှကြာပြီကို သိရမည်ဖြစ်ကြောင်း၊ ၎င်းကိုမည်သူတို့က ပုံဖော်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးက နေသူရိန်လူထုအစည်းအဝေးပွဲကြီးလုပ်ပြီးမှ ဒုတိယအချက်အနေဖြင့် အမတ်တစ်ယောက်က တင်သွင်းပြီးမှ တပ်မတော်တစ်ရပ်တည်းဖြစ်ရမည်၊ တပ်မတော်ကို ပြည်သူလူထုကထောက်ခံသည်ဆိုသည့် သဘောရယူခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်တွင်းသောင်းကျန်းမှုများရှိခဲ့ကြောင်း၊ ပြည်တွင်းသောင်းကျန်းမှုကာလတစ်လျှောက်တွင် တပ်မတော်အနေဖြင့် ပုံဖော်ခံရခြင်းရှိခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရရှိခဲ့ကြောင်း၊ ယခုလက်ရှိအစိုးရကိုလည်း အိမ်စောင့်အစိုးရ၊ အာဏာသိမ်းသည့်အစိုးရဟု သုံးနှုန်းကြောင်း၊ ယခင်အိမ်စောင့်အစိုးရသည် အမှန်တကယ် စစ်သားနှစ်ယောက်သာ ပါဝင်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးတစ်ယောက်တို့ ပါဝင်ကြောင်း၊ ကျန်သည့်သူများ၊ အဖွဲ့ဝင်များသည် အရပ်သားများဖြစ်ကြောင်း၊ တစ်နှစ်တာဝန်ထမ်းဆောင်ပြီးနောက်ထပ်တိုးပြီး တာဝန်ထမ်းဆောင်ခြင်းရှိခဲ့ကြောင်း။

**ပြည်သူလူထုကို လိမ်၍မရ**

ဗိုလ်ချုပ်အောင်ဆန်းတို့ လက်ထက်ကတည်းက တိုင်းပြည်ကို တည်ထောင်ရာတွင် ဆိုရှယ်လစ်ဝါဒဖြင့် တည်ထောင်လိုသည်ဟူ၍ ရှိခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ် နိုင်ငံတော်တာဝန်ရယူပြီးသည့်အချိန်တွင် ယင်းသို့ဖြစ်ရန် ပြည်သူလူထုတစ်ရပ်လုံးသွားကြကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရန် လုပ်ခဲ့ရသည့် လုပ်ငန်းများရှိကြောင်း၊ လုပ်ခဲ့ရသည့်လုပ်ငန်းများထဲတွင် ပြည်သူပိုင်သိမ်းခြင်းလုပ်ငန်းများလည်း ရှိခဲ့ကြောင်း၊ ထိုခေတ်က ဆောင်ရွက်ခဲ့ရသည်များသည် ပြည်သူလူထုကို လိမ်၍မရကြောင်း၊ တောင်သူလယ်သမားညီလာခံ၊ အလုပ်သမားညီလာခံများကို မည်သည့်ဖိအားမျှပေးပြီးလုပ်ခဲ့ခြင်း မရှိကြောင်း၊ ခြိမ့်ခြိမ့်သဲသဲလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူပိုင်သိမ်းခံရသည့်သူများသည်လည်း မည်သူတို့ဖြစ်မည်ကို အများအားဖြင့် သိမည်ဖြစ်ကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရဖြစ်လာခြင်းနှင့်ပတ်သက်၍ ၎င်းတို့အချင်းချင်းပေးပို့သည့်စာများရှိပြီး သမိုင်းတွင်ထင်ရှားခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် ဦးနေဝင်းကိုပေးခဲ့သည့် စာများရှိကြောင်း၊ ဦးနေဝင်းက မလုပ်ရပါစေနှင့်ဟု ပြန်ငြင်းဆိုခဲ့သည့် တရားဝင်စာရှိကြောင်း၊ ထိုစာသည် တရားဝင်စာဖြစ်ကြောင်း၊ ထိုကိစ္စကို ပြောင်းပြန်ပြောနေသည်ကို အံ့သြမဆုံးဖြစ်ရကြောင်း၊ ၎င်းတို့ရေးသားထားသည့်စာများသည် Public ကိုချပြထားသည့်စာများဖြစ်ကြောင်း၊ အမျိုးမျိုးပုံဖော်ထားကြကြောင်း၊ နောက်ပိုင်းတွင် တပ်မတော်ကို နိုင်ငံရေးထဲဆွဲသွင်းသည့်သူများသည် မည်သူများဖြစ်သလဲဟု ပထမဆုံး မိမိမေးခွန်းထုတ်လိုကြောင်း။

၁၉၆၂ ခုနှစ်ပတ်ဝန်းကျင်တွင် ရန်ကုန်လိုနေရာမျိုး၌ သစ်တောကာကွယ်ရေးတပ်များ ရောက်နေခြင်း၊ ပါတီတချို့၏ လက်ကိုင်တုတ်တပ်များ ရောက်နေခြင်းစသဖြင့် မျိုးစုံလုပ်ခဲ့ကြသည်ကို ပြန်ပြီးလေ့လာကြည့်လျှင် တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံရေးထဲသို့ ရောက်ရှိလာခြင်းသည် ၁၉၄၇ ခုနှစ်၊ ၁၉၄၈ ခုနှစ်ကတည်းက စခဲ့သည့် ဇာတ်လမ်းများဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် တပ်မတော် ဆက်စပ်နေခြင်းသည် ရဲဘော်သုံးကျိပ်နှင့် အများစုဖြစ်ပေါ်လာအောင်အတွက် ပံ့ပိုးပေးသည့်လူများကသာ မြန်မာ့နိုင်ငံအရေးကို ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် မိမိတို့ဦးတည်သွားနေသည်မှာ ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို မိမိတို့ခိုင်ခိုင်မာမာအာမခံသွားနေခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဆိုသည်နှင့် ဒီမိုကရေစီစနစ်၏ ကျင့်စဉ်များ၊ ဒီမိုကရေစီစနစ်၏ လုပ်ဆောင်ရမည့်နည်းလမ်းများ၊ ဒီမိုကရေစီစနစ်ကိုသွားနေသည့် လမ်းကြောင်းများတွင် မည်သို့နေထိုင်ရမည်၊ မည်သို့သွားရမည်ကို ပါတီအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုအနေဖြင့်လည်းကောင်း၊ မိမိတို့တပ်မတော်အပါအဝင် Institution အသီးသီးအနေဖြင့် လည်းကောင်း မည်သို့သွားရမည်ဆိုသည်ကို ရှိပြီးဖြစ်ကြောင်း၊ ယင်းတို့ကို နိုင်ငံ၏အခြေအနေ လိုက်လျောညီထွေ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က အဖြေများနှင့်ဆက်စပ်ပြီး ကြည့်စေချင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၂,၂၄၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၉၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၉၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၂၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၀၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၅၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၉၁) ခု | (၃) ဦး |
| စုစုပေါင်း | (၅,၁၄၁) ခု | (၄) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၀၀၄၀၇၃ | ၈၃၈၆၉၅၁၆ | ၁၀၃၈၃၂၃ |
| ၂။ | အိန္ဒိယ | ၄၃၃၁၁၀၄၉ | ၄၂၇၀၇၉၀၀ | ၅၂၄၈၇၃ |
| ၃။ | ဘရာဇီး | ၃၁၇၀၄၁၉၃ | ၃၀၃၁၀၇၇၂ | ၆၆၉၁၀၉ |
| ၄။ | ပြင်သစ် | ၃၀၀၇၉၄၅၈ | ၂၉၃၃၅၀၇၂ | ၁၄၉၀၃၉ |
| ၅။ | ဂျာမနီ | ၂၇၂၀၄၉၅၅ | ၂၆၁၉၇၇၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၇၂၅၀၃ | ၂၂၀၈၃၄၂၄ | ၁၇၉၅၃၇ |
| ၇။ | ရုရှား | ၁၈၄၀၀၉၂၇ | ၁၇၈၂၅၃၉၇ | ၃၈၀၅၁၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၈၀၀၉၀ | ၁၈၁၀၄၈၇၂ | ၂၄၄၅၁ |
| ၉။ | အီတလီ | ၁၇၈၇၉၁၆၀ | ၁၇၁၁၈၀၉၁ | ၁၆၇၇၂၁ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၈၁၆၁ | ၉၆၁၁၄၀၀ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၉၂၅၅ | ၅၉၀၃၄၆၁ | ၁၅၆၆၉၅ |
| ၃။ | မလေးရှား | ၄၅၄၀၆၁၂ | ၄၄၇၈၉၃၆ | ၃၅၇၃၂ |
| ၄။ | ထိုင်း | ၄၅၀၀၈၂၈ | ၄၄၄၉၄၃၂ | ၃၀၄၈၈ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၆၇၉၃ | ၃၆၃၁၅၈၆ | ၆၀၄၆၇ |
| ၆။ | စင်ကာပူ | ၁၃၆၇၇၆၁ | ၁၂၈၄၅၃၁ | ၁၄၀၃ |
| ၇။ | မြန်မာ | ၆၁၃၄၉၄ | ၅၉၂၄၉၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၀၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၇၇၇၂ | ၁၅၃၄၁၈ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇွန် ၂၀

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကူးတို့ဆိပ် ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ သီဟိုဠ်ကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ဈေးဝင်းမင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်နှင့် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယပရိယတ္တိစာသင်တိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေး

နေပြည်တော် ဇွန် ၂၀

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ပစ္စည်းများကို လေဆိပ်၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ငါးခုမှ Sitagliptin Metformin Tablets ၇၈၃၈ ခု၊ Saxagliptin Hydrochloride Tablets ၆၇၈ ခု၊ Dapagliflozin Propanediol Tablets ၂၂၂၀၊ Bioflor Capsule ၁၀၅၆၀၊ Bioflor Powder ၂၄၀၀၀၊ Myclav 625 Tablet ၆၆၀၊ T4 100 Montpellier Tablet ၉၅၀၅၉ ခု၊ Uracor Injection ၁၅၀၀၊ Accord Carboplatin ၂၅၃၇ ခု၊ Neovita Brand, Fortified Capsule ၈၀၃၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၁၆ မျိုး ၁၈၈၉၅ ဒသမ ၉၉ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်အား နျူကလီးယားအရေးဆွေးနွေးပွဲသို့ ပြန်လည်တက်ရောက်ရန် အီရန်တိုက်တွန်း



၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ နျူကလီးယား ဆွေးနွေးပွဲကျင်းပစဉ်။

**တီဟီရန် ဇွန် ၂၀**

၂၀၁၅ နျူကလီးယား သဘော တူညီချက် ပြန်လည်ရရှိရေး အတွက် ဆွေးနွေးပွဲစားပွဲဝိုင်းသို့ပြန်လာရန် အမေရိကန်နိုင်ငံအား အီရန်ကတိုက်တွန်းလိုက်ကြောင်း သိရသည်။

အီရန်အနေဖြင့် သံတမန်နည်းလမ်းအရ အဆိုပါ နျူကလီးယားသဘောတူညီချက်ပြန်လည်အသက်ဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆာအက်ခါတီဇာဘက်က ပြောကြားသည်။

အမေရိကန်နိုင်ငံသည် အီရန်အရေးနှင့်ပတ်သက်၍ သမ္မတ ဟောင်းထရမ့်ကျင့်သုံးခဲ့သည့် အီရန်ဆန့်ကျင်ရေးနည်းလမ်းအား ဆက်လက်ကျင့်သုံးနေသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် အီရန်အနေဖြင့် နျူကလီးယားဆွေးနွေးပွဲစတင်ချိန် ၂၀၂၁ ဧပြီလမှစတင်၍ နျူကလီးယားအရေးသဘောတူညီချက် ရရှိရန် ညှိနှိုင်းမှုပြုလုပ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံတကာ နျူကလီးယားစွမ်းအင်အေဂျင်စီ၏ အစည်းအဝေး၌ အီရန်အား ကန့်သတ်သည့် ဆုံးဖြတ်ချက်များချမှတ်ခဲ့သော်လည်း အီရန်အနေဖြင့် ညှိနှိုင်းဆွေးနွေးရေးအတွက် ကြိုးပမ်း ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ အီရန် နိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် နျူကလီးယားသဘောတူညီ ချက်ကို ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သော်လည်း အမေရိကန် သမ္မတဟောင်း ထရမ့်လက်ထက် ၂၀၁၈ ခုနှစ်တွင် အမေရိကန် နိုင်ငံသည် အဆိုပါသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီရတ်နိုင်ငံ၌ ၂၀၂၇ ခုနှစ်တွင် တစ်နေ့လျှင် ရေနံစည် ရှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်



**ဘဂ္ဂဒက် ဇွန် ၂၀**

အီရတ်နိုင်ငံသည် ၂၀၂၇ ခုနှစ်၌ တစ်နေ့လျှင် ရေနံစည် ရှစ်သန်းအထိ တိုးမြှင့်ထုတ်လုပ်သွား ရန်ဆောင်ရွက်မည်ဖြစ်ကြောင်း အီရတ်ရေနံဆိုင်ရာ ဝန်ကြီးအိုင်ဇန်အဒူဂျာဗားက ပြောကြားသည်။

မိမိတို့နိုင်ငံအတွင်း ရေနံထုတ်လုပ်မှုပမာဏကို မြှင့်တင်နိုင်ရန်အတွက် စီမံကိန်းများ ချမှတ် ဆောင်ရွက်နေကာ ၂၀၂၇ ခုနှစ်တွင် နိုင်ငံအတွင်း တစ်နေ့လျှင် ရေနံစည် ရှစ်သန်း ထုတ်လုပ်သွားနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြား သည်။ နိုင်ငံတောင်ပိုင်း ဘာဆာပြည်နယ်တွင် ရေနံ ထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း ဇွန်လနှင့် ဇူလိုင်လများတွင် တစ်နေ့လျှင် ရေနံစည် ၃ ဒသမ ၈ သန်း ထုတ်လုပ်ခဲ့ ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် လောင်စာဆီဈေး များ တည်ငြိမ်ရန်အတွက် အိုပက်အဖွဲ့က ရေနံ ထုတ်လုပ်မှုများမြှင့်တင်ခဲ့သည်။ အီရတ်နိုင်ငံ၏ ဝင်ငွေအများအပြားကို ရေနံရောင်းချခြင်းမှရရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၂၄ ဦးထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဇွန် ၂၀**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၂၄ ဦး ထပ်မံ တွေ့ရှိ ခဲ့ကြောင်းနှင့် ရှစ်ဦးထပ်မံသေဆုံး ခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၂၅၀



သည် နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်မြို့မှဖြစ်ကြောင်း နယူး ဇီလန် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့တွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ကိုးဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင် ဖြစ်ပွားချိန်မှ စတင်ကာ လက်ရှိအချိန် အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၁၂၇၀၈၁၂ ဦး ရှိကြောင်း သိရ သည်။

နယူးဇီလန်နိုင်ငံသည် ခရီးသွား အားလုံးနှင့် ပြည်ဝင်ခွင့်ဗီဇာကိုင်ဆောင် ထားသူများအားလုံးအတွက် နယ်စပ် ဒေသများကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံက ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပ

**ဂျကာတာ ဇွန် ၂၀**

အင်ဒိုနီးရှားနိုင်ငံက ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ အနာဂတ်ကာလတွင် ကူးစက်ရောဂါများကို မည်သို့ တိုက်ဖျက်ရမည်ဆိုသည်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည့် ဂျီ-၂၀ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများ၊ အခြားသောနိုင်ငံများနှင့် အဖွဲ့အစည်းများမှ လူပေါင်း ၁၃၀ ခန့် အွန်လိုင်းမှ သီးခြားစီ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ တက်ရောက်လာသူများသည် ကမ္ဘာလုံးဆိုင်ရာကူးစက်ရောဂါ များကို ကြိုတင်ကာကွယ်ရန် ရန်ပုံငွေတည်ထောင်ရန်လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်လတွင်လည်း ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်း အဝေးတို့ကိုလည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၅ သန်းကျော်ရှိလာ



**ကွာလာလမ်ပူ ဇွန် ၂၀**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၉၀ ထပ်မံတွေ့ရှိ ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၅၄၀၆၁၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံ ရသူများအနက် ၁၆၈၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် တစ်ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိ လာသူဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် တွင် ဖော်ပြထားသည့် အချက်အလက် များအရ သိရသည်။

လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်ဦးမျှမရှိသော်လည်း အဆိုပါရောဂါ ဖြင့်သေဆုံးသူပေါင်း ၃၅၇၁၂ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၂၁၀၈ ဦးထပ်မံတွေ့ရှိ ခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာ လာသူပေါင်း ၄၄၇၈၉၃၆ ဦး ရှိလာကြောင်း နှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ စုစုပေါင်း ၂၅၉၄၄ ဦး ရှိကြောင်း သိရသည်။

**အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်**

နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၃ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၄ ရာခိုင်နှုန်း သည် တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လိုင်စင်မဲ့မော်တော်ယာဉ် သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။




မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက်တွင် ရန်ကုန်-မြဝတီလမ်းမကြီး မိုင်တိုင်အမှတ် (၉၇/၀)မိုင် ရှောင်ကွင်းလမ်းထိပ်တွင် Honda Fit GD1 လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် Yo Good တံဆိပ် အချိုရည်ဖာ ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် ကားလမ်း၊ မိုင်တိုင်အမှတ် (၁၆) မိုင် (၂) ဖာလုံခန့်တွင် အကောက်ခွန်မဲ့ Vetrue တံဆိပ်တရုတ်နိုင်ငံထုတ် မုန့်ဖာ ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၆၅ ဒသမ ၄၁၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၆၁၆၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၁၁၆၄၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီးရှိ မလွှဲတောင် ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် Scania ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃၄၄ ပြားကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် ပြိန်းရဲကျေးရွာအုပ်စုတုံကျက်ကျေးရွာအနီး ဟိုလီ-နမ့်ကျွမ်းသွား ကားလမ်းတွင် လျှူဝမ်ဖု(ခ)လောက်အဲ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာအုပ်စု တာကော်ကျေးရွာရှိ တံတား ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် စိုင်းမိန်ခွမ်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက် ရပ်ကွက်ရှိ လာအိုနိုင်ငံသားများ ဖြစ်ကြသော အားဆမ်းနှင့် ဝီလာဝပ်(ခ) စိုင်း တို့နှစ်ဦး ငှားရမ်းနေထိုင်သည့် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ အက်တက်စီ ဆေးပြား ၁၉၀၀ ကို လည်းကောင်း။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာအနီးရှိ မလွှဲတောင် ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် Yutong ခရီးသည်တင်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅၀ နှင့် ငွေကျပ် ၃၄ သိန်းကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် Express ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်း ငါးလုံး မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန်ပျက်စီးခဲ့သည့် ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ၂၂-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြ ကျောင်းဆရာတစ်ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၁၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၆-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ တေဇ္ဇော်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ ကိုယ်ရောစိတ်ပါကျန်းမာရေး ယောဂကျင့်စဉ်လေ့ကျင့်ပေး
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှတ်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၉)
- ၁၃:၃၀ MRTV National News
- ၁၆:၂၀ မြန်မာတလုံးပေါင်းသတ်ပုံဝေါဟာရ အသုံးအနှုန်း 'စကားဝိုင်းဆွေးနွေးပွဲ' (အပိုင်း-၁)
- ၁၇:၃၅ ၂၀၂၂ခုနှစ်၊ အပြည်ပြည်ဆိုင်ရာယောဂနေ့
- ၁၇:၄၅ စစ်မီးငြိမ်းချိန်တန်ပါပြီ
- ၁၈:၀၀ ပြည်တွင်းသတင်း၊
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဒေး' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၇)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်ပြည်ဝင်အိုး'

**mitv**

- 07:01 Parami Taw (Hnin Hnin Htoo)
- 07:08 Paper Products… Plain but Pretty
- 07:30 Yoga & Health
- 07:50 Chef Life: Zin Minn Htun
- 08:01 Don Min Artist
- 08:20 A Day in the Life of Pa-O Family
- 08:26 Great Shwedagon - Charitable Associations
- 09:01 News
- 09:27 Global Partnership for Brighter Future: Cyprus Pavilion at Expo 2020 Dubai
- 09:36 Dances of Myanmar: Kayah Traditional Flag Post Festival
- 09:41 Faith & Worship (Part-1)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စွဲမက်စရာဇင်ပြုံးသီးတာလပေါ်ဟင်းလျာ

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်ရေးမယ်၊ တို့ချင်းစာ (အပိုင်း-၄၂)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၄)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၅)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့အစွမ်း

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ ကရင်ရိုးရာရက်ကန်းရက်လုပ်ခြင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ အပြည်ပြည်ဆိုင်ရာယောဂနေ့
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး
- ၀၇:၁၅ စပါးမျိုးစပ်မွေးမြူရေးလုပ်ငန်း
- ၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
- ၀၈:၂၅ လယ်လုပ်သူတို့ပျော်ရွှင်ချိန်
- ၀၉:၂၅ သီးထပ်စွမ်းအားဝင်ငွေတိုးသက်တမ်းတိုစပါးမျိုး
- ၀၉:၅၅ အင်းလေးဒေသမှကျွန်းမျောခရမ်းချဉ် GAP နည်းစနစ်များဖြင့်အောင်မြင်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မိုးကောင်းမြို့နယ်၌ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၅ နာရီခွဲတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဈေးကုန်းရပ်ကွက် နဝဒေးလမ်းမကြီးဘေးရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ဝင်ပေါက်တံခါး၌ ဆန့်ကျင်ခြိမ်းခြောက်စာချိတ်ဆွဲထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်ပေါက် သံပန်းတံခါးတွင် အလျား ခြောက်ပေ၊ အနံ နှစ်ပေခန့်ရှိ အဖြူရောင်ပိတ်စပေါ်တွင် အနီရောင်သဘော်ဆေးဖြင့် "သွေးစွန်းပညာရေးမှ ရုန်းထွက်ကြ" စာသားကို ရေးသားကာ ကျောင်းဝတ်စုံ တစ်စုံအား သဘော်ဆေးအနီရောင်များပက်ဖျန်း၍ ချိတ်ဆွဲထားပြီး ကျောင်းအဝင်လမ်းပေါ်၌ သဘော်ဆေးအနီရောင်များ ပက်ဖျန်းထားသည်ကို တွေ့ရှိရသဖြင့် သိမ်းဆည်းရှင်းလင်းခဲ့ကြောင်း သိရသည်။





အထက်ပါဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများကို အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန်ရည်ရွယ်၍ ခြိမ်းခြောက် အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

● **ဆူပူအကြမ်းဖက်သူမှ**

ပစ်ပေါက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် သာသနာရေးဆိုင်ရာ အဆောက်အအုံများကိုပါ အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၉ ရက် ညနေ ၆ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မြို့ပတ်လမ်းရှိ ရွာမပရိယတ္တိစာသင်တိုက်အား မီးပုလင်းဖြင့် ပစ်ခတ်သွားခဲ့ကြောင်း သိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဆိုင်ကယ် စီးနင်းလာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက အဆိုပါ စာသင်တိုက်ဘေးရှိ မြို့ပတ်လမ်းဘက်မှ မီးပုလင်း နှစ်ခုဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် သုံးထပ်ကျောင်းဆောင် အုတ်နံရံကို ထိမှန်ခဲ့ပြီး ဒုတိယထပ်ရှိ ပြတင်းပေါက်မှန် တစ်ချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။







ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးပုလင်းဖြင့်ပစ်ပေါက်မှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ဆန်းချီရပ်ကွက် ဦးစီးအရာရှိနှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

**စိုက်ပျိုး**

ဦးစွာ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်က ရတနာတန်းဝင် (ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမပင်)များကို ဦးဆောင်စိုက်ပျိုးပေးပြီး ရုံးဝန်ထမ်းများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်၊ ပန်းအလှပင်များကို စိုက်ပျိုးခဲ့သည်။

**ခင်ချိုဆင့်**



## ဒိုက်ဦးမြို့နယ်၌ စက်မှုလယ်ယာစနစ် ပြည့်ဝစွာပြောင်းလဲကျင့်သုံးနိုင်ရေး သရုပ်ပြ

**ဒိုက်ဦး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူများလယ်ယာကဏ္ဍ၌စက်မှုလယ်ယာစနစ် ပြည့်ဝစွာပြောင်းလဲကျင့်သုံးနိုင်ရေး၊ လူအင်အားစိုက်ထုတ်မှုသက်သာစေရေး၊ မိုးစပါး ဖွံ့ဖြိုးတိုးတက်ရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ကိုင်ရှည်လက်တွန်းထွန်စက်တွင် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်း သရုပ်ပြပွဲကို ဇွန် ၁၈ ရက်က ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ တောင်သူ ဦးမျိုးမြင့်အောင်၏လယ်၌ ကျင်းပသည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသီဟကျော်စွာ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဇော်သိန်းနိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက် လေ့လာခဲ့ကြသည်။

ထယ်ရေးသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ လက်ကိုင်ရှည်လက်တွန်းထွန်စက်ကို လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ပြသခဲ့ပြီး ဝယ်ယူအသုံးပြုလိုသည့် တောင်သူများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။ **ကျော်ကျော်(ဒိုက်ဦး)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၅ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၃၀ | ၂၂၃၀ | ၂၄၅၀ | ၂၇၇၅ |
| 95 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၃၀၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၅ | ၂၈၂၅ |
| HSD (500 ppm) | ၂၅၉၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၃၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၅ | ၂၆၇၅ | ၂၈၉၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၂၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၂၅ | ၂၆၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၉၂၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၂၅ | ၂၆၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၇၀ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၉၂၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၃ | ၂၁၁၈ |
| 95 Ron | ၂၁၄၄ | ၂၂၂၀ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၂၅၀၃ | ၂၅၈၂ |
| HSD (10 ppm) | ၂၅၀၃ | ၂၅၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ စုလှိုင်နှင်း(ခ) ချစ်လေး၊ ပန်းခါးလေး(ခ)ပန်းချီ၊ အေးစန္ဒာခိုင်(ခ)နေခြည်နှင့် ဝေဝေ(ခ) လဲ့လဲ့ဝေတို့သည် ၎င်းတို့အသုံးပြုခဲ့သည့် “pannkarlay” Facebook အကောင့်၊ မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်နေ ဖြိုးမေမီထွန်းနိုင်(ခ)မီးမီးနှင့် ဈေးအရှေ့ပြင်ရပ်ကွက်နေ အောင်သစ်မင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Mee Mee” Facebook အကောင့်နှင့် “Aung Thit Min” Facebook အကောင့်၊ တောင်သာမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဖိုးကုလား(ခ) မောင်လတ်သည် ၎င်းအသုံးပြုသည့် “Mg Latt” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်နေ ပြည့်ပြည့်သင်း(ခ) ပြည့်ပြည့်သည် ၎င်းအသုံးပြုသည့် “Ha Zel” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် တောင်ရပ်ကွက်နေ ပြည့်ဖြိုးဆွေသည် ၎င်းအသုံးပြုသည့် “Pyai Phyo Swe” Facebook အကောင့်နှင့် နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နေ စုမွန်ကျော်သည် ၎င်းအသုံးပြုသည့် “Su Mon Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■



## တောင်ငူ၌ စပါးမျိုးစေ့ချကိရိယာ စိုက်ပျိုးနည်းနှင့် တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းသရုပ်ပြပွဲကျင်းပ

**တောင်ငူ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကန်ရိုးကျေးရွာ တောင်သူ ဦးနိုင်ဦး၏ စိုက်ကွင်းအတွင်း ယနေ့နံနက်ပိုင်းက စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းနှင့် တမန်းမွှေကိရိယာဖြင့်ထွန်ယက်ခြင်း သရုပ်ပြပွဲကျင်းပသည်။

ထိုသို့ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဦးမျိုးညွန့်က စပါးမျိုးစေ့ချကိရိယာလုပ်ဆောင်မှုအဆင့်ဆင့်နှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ မြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသည့် မိုးစပါးစိုက်ပျိုးဧက ပြီးစီးမှုအခြေအနေနှင့် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထက်ထက်မင်းက အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည့် လက်ကိုင်ရှည် လက်တွန်းထွန်စက် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလှိုင်က လိုအပ်သည်များ ဖြည့်စွက်ပြောကြား၍ တက်ရောက်ကြသူများနှင့်အတူ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းနှင့် တမန်းမွှေကိရိယာဖြင့် ထွန်ယက်ပြသခြင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ မျိုးစေ့တိုက်ရိုက်ချကိရိယာကိုအသုံးပြု၍ စိုက်ပျိုးနည်းကြောင့် အတန်းလိုက်စိုက်ပျိုးမှုရရှိ ခြင်း၊ပိုးမွှားရောဂါ၊ ပေါင်းမြက်များ အလွယ်တကူရှင်းလင်းနိုင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကိုပိုမိုခံနိုင်ရည်ရှိခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်ဖြင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားခြင်း၊ လယ်ယာလုပ်ငန်းကို အချိန်မီလုပ်ဆောင်နိုင်ခြင်း ၊မျိုးစေ့ဖိုးကုန်ကျသက်သာခြင်း၊ လုပ်သားရှားပါးမှု အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည့်အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ကွင်းတာဝန်ကျဝန်ထမ်းများက မျိုးစေ့တိုက်ရိုက်ချကိရိယာကို အသုံးပြု၍ စိုက်ပျိုးလိုသည့် တောင်သူများထံ အခမဲ့လိုက်လံဆောင်ရွက်ပေးကာ သရုပ်ပြမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုလွင်**

# ရှမ်းပြည်နယ်ရှိ ဝန်ထမ်းနှင့်ပင်စင်စားများ၊ ပြည်သူများအတွက် တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အငှား၊ အရောင်းအိမ်ရာများ

ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သော တောင်ကြီးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၀၂ ပေမြင့်သော ရှမ်းရိုးမတောင်တန်းပေါ်တွင် တည်ရှိသည်။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ခန့်က ယခုတောင်ကြီးဟုခေါ်ဝေါ်သည့် ထိုနေရာ၌ပင် ပအိုဝ်းရွာလေးတစ်ရွာရှိခဲ့သည်။ ရွာ၏အမည်မှာ "ဒုံတောင်တီ"ဟု အမည်ရှိသည်။ ထိုရွာနှင့်အနီးတစ်ဝိုက်တွင် ပင်လုံရွာ၊ ရှမ်းရွာ၊ မိန်မြိန်ရွာနှင့် ဝါးပြားရွာတို့ရှိသည်။ ၎င်းအပြင် ရေကန်လေးကန်နှင့် အင်းကြီးတစ်အင်းလည်း ရှိသည်ဟု သိရသည်။

ခရမ်းစိုးမြင့်

တောင်ကြီးမြို့ကို ယင်းနေရာ၌ ၁၂၅၃ ခုနှစ် (ခရစ်နှစ် ၁၈၉၀ ပြည့်နှစ်)တွင် တည်ထောင်ခဲ့ပြီး ပထမရွှေညောင်မြို့နယ် မိုင်းသောက်ကျေးရွာတွင် စတင်ရုံးစိုက်ခဲ့သည်။ ၎င်းနောက် ၁၈၉၄ ခုနှစ်ရောက်မှ ယခုတောင်ကြီးမြို့နေရာသို့ ပြောင်းရွှေ့ခဲ့သဖြင့် တောင်ကြီးမြို့၏သက်တမ်းသည် အနှစ် ၁၀၀ ကျော်ပြီဟု သိရသည်။

ရှမ်းပြည်သည် တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်းဟူ၍ရှိရာ ရှမ်းပြည်နယ်အရှေ့ပိုင်းဟု ခေါ်တွင်သည့် ကျိုင်းတုံဒေသသည်လည်း ကဿပမြတ်စွာဘုရားလက်ထက်တွင် ခဏ္ဍာဝဇီရရိမင်းစိုးစံတော်မူပြီးနောက် ဆက်ခံစိုးစံမည့် အနွယ်တော်မရှိဖြစ်နေစဉ် ဂေါပါလအမည်ရှိ နွားကျောင်းသားသည် ကျီးတို့၏ကျေးဇူးကြောင့် ခဏ္ဍာဝဇီရပြည်ကို ရောက်ရှိပြီးနောက် ဘုရင်ဖြစ်လာသည်။ ဂေါပါလမင်းအုပ်စိုးစဉ် တိုင်းပြည်ကို ရေလွှမ်းမိုးပြီး ရေအိုင်ကြီးဖြစ်သွားရာ ဓမ္မိလရေအိုင်ဟု အမည်တွင်ခဲ့လေသည်။ ဂေါတမမြတ်စွာဘုရားလက်ထက်ရောက်သောအခါ တုံကရသေ့က ဓမ္မိလရေအိုင်ကြီးကို တောင်ဝှေးထောက်၍ ရေခန်းအောင်ပြုလုပ်ပြီး မြို့တည်လေသည်။ ကျိုင်းတုံကို ယခင်က "ဇိန်းတုံ" ဟုခေါ်သည်။ ကျိုင်းတုံခရိုင်မှ မိုင်းခတ်မြို့နယ်သည် ၁၉၆၂ ခုနှစ်အထိ မြို့အဖြစ် ရပ်တည်ခဲ့ခြင်းမရှိသေးဘဲ မိုင်းယန်းမြို့နယ်မှ နယ်ခြားဝန်ထောက်လက်အောက်ခံမျှသာဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၀၆ ပေတွင် တည်ရှိပြီး အမြင့်ဆုံးတောင်မှာ နမ့်ဆန်မြို့နယ်မှ တောင်ကျော်တောင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၄၇၀ မြင့်သည်။ ကျယ်ပြန့်သော လွင်ပြင်နှင့် ဒေသပတ်ဝန်းကျင်တွင် တောင်စွယ်တောင်တန်းများရှိပြီး တောင်ကုန်းတောင်တန်းများပေါများသည်။ အထင်ကရနေရာများမှာ ဘော်ကြိုဘုရား၊ နန့်ဟူးနွဲ့ရေတံခွန်၊ ရုရှားတောင်၊ မန်ဆူဘုရား၊ ဂုတ်တွင်း View Point တို့ဖြစ်သည်။

ထိုသို့ တောင်ကုန်းတောင်တန်းများ ပေါများ၍ ဝေးလံခေါင်သီသည့် ဒေသဖြစ်သော်လည်း နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်နယ်တစ်ခုလုံးမှ တိုင်းရင်းသားပြည်သူများ၊ ဝန်ထမ်းများ၊ ပင်စင်စားများအတွက် ဝန်ထမ်းအိမ်ရာများ၊ အငှားအိမ်ရာများနှင့် အရောင်းအိမ်ရာများကို ပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် တည်ဆောက်ပေးလျက်ရှိသည်။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် လူသားတို့၏ အခြေခံလိုအပ်ချက်



၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်က ဆောက်လုပ်ပေးခဲ့သည့် တာချီလိတ်ဝန်ထမ်းအိမ်ရာများ။

ဖြစ်သော စားဝတ်နေရေးတွင် အဓိကလိုအပ်ချက် နေရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် ဌာနကြီးတစ်ခုဖြစ်သည်နှင့်အညီ တောင်ကြီးမြို့တွင် ပြည်နယ်ရုံးထိုင်ပြီး ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ ရှမ်း(အရှေ့)တို့အား ကျစ်လျစ်သိပ်သည်းစွာဖြင့် စီမံကွပ်ကဲဆောင်ရွက်လျက်ရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသကြီးတွင် ငါးရုံး၊ ခရိုင်ရုံး သုံးရုံး၊ မြို့နယ်ရုံးသုံးရုံးတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

## အိမ်ရာကဏ္ဍ

ဝန်ထမ်းအိမ်ရာများကို ၁၉၆၇–၁၉၆၈ ခုနှစ်တွင် တောင်ကြီးမြို့၌ လေးခန်းတွဲ သုံးထပ်တိုက်ခြောက်လုံး၊ အခန်း ၇၂ ခန်းနှင့် ၁၉၆၉–၁၉၇၀ ခုနှစ်တွင် ကျိုင်းတုံမြို့၌ ခြောက်ခန်းတွဲ နှစ်ထပ် သုံးလုံး၊ ရှစ်ခန်းတွဲ နှစ်ထပ်တစ်လုံး၊ အခန်းပေါင်း ၂၆ ခန်းတို့ဖြင့် စတင်ဆောက်လုပ်ပြီး ဝန်ထမ်းများကို နေရာချထားပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် မူဆယ်မြို့၌ နှစ်ထပ်လုံးချင်းတိုက် အလုံး ၄၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ၁၉၉၇–၁၉၉၈ ခုနှစ်တွင် လားရှိုးမြို့၌ ခြောက်ခန်းတွဲနှစ်ထပ် ခြောက်လုံး၊ အခန်း ၃၆ ခန်းနှင့် တာချီလိတ်မြို့တွင် ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံး၊ ၁၂ ခန်းတွဲ နှစ်ထပ် သုံးလုံး ၇၂ ခန်း၊ ၂၀၀၉–၂၀၁၀ ခုနှစ်တွင် လောက်ကိုင်မြို့၌ ရှစ်ခန်းတွဲ နှစ်ထပ်တစ်လုံး ရှစ်ခန်းကို ဆောင်ရွက်ခဲ့သည်။

ပြည်နယ်ဦးစီးမှူးရုံးများ မဖွင့်ခင်အထိ မြို့နယ်ခြောက်မြို့နယ်တွင်သာ ဝန်ထမ်းအိမ်ရာဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပြည်နယ်ဦးစီးမှူးရုံးများကို ဦးစီးအရာရှိအဆင့်ဖြင့် စတင်ဖွဲ့စည်းသည့်အချိန်တွင် ဟိုပုံးမြို့၊ နမ့်ဆန်မြို့၊ ပင်းတယမြို့၊ ဟိုပန်မြို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီး လေးမြို့တွင် ဝန်ထမ်းအိမ်ရာ ထပ်မံတည်ဆောက်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဧပြီလမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ညွှန်ကြားရေးမှူးအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးချိန်မှစတင်၍ လုပ်ငန်းများကို သိသိသာသာ ထိထိရောက်ရောက် ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်မတိုင်မီက မြို့ပေါင်း ၁၀ မြို့တွင် အခန်းပေါင်း ၆၉၂ ခန်းသာ ဆောင်ရွက်နိုင်ခဲ့ရာမှ ယနေ့အချိန်တွင် မြို့ပေါင်း ၁၆ မြို့တွင် ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၁၁၇၀ ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။ သို့ဖြစ်၍ မြို့ပေါင်း ၂၆ မြို့တွင် စုစုပေါင်းဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၈၆၂ ခန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့အငှားအိမ်ရာကိုလည်း တောင်ကြီးမြို့တွင် လေးခန်းတွဲ ငါးထပ် ခြောက်လုံး၊ အခန်း ၁၂၀ နှင့် တာချီလိတ်မြို့တို့တွင် ရှစ်ခန်းတွဲ ငါးထပ်တိုက်တစ်လုံး၊ ၃၆ ခန်းတို့ကို တည်ဆောက်ပြီး ပြည်သူများအား သက်သာသောနှုန်းထားဖြင့် ငှားရမ်းပေးနိုင်ခဲ့သည်။ ၎င်းတို့မှာ တောင်ကြီးမြို့၌ လေးခန်းတွဲ ငါးထပ်တိုက် သုံးလုံး အခန်း ၆၀ ကို ငှားရမ်းခ ငွေကျပ် ၃၀၀၀၀ နှုန်း (ပါဝင်အခန်းမှာ အိပ်ခန်း သုံးခန်း အကျယ်အဝန်း ၇၅၀ စတုရန်းပေ၊ လေးခန်းတွဲ ငါးထပ်တိုက် သုံးလုံး အခန်း ၆၀ ကို ငှားရမ်းခ ငွေကျပ် ၂၀၀၀၀ နှုန်း (ပါဝင်အခန်းမှာ အိပ်ခန်း တစ်ခန်း အကျယ်အဝန်း ၆၅၀ စတုရန်းပေ)၊ တာချီလိတ်မြို့တွင် ရှစ်ခန်းတွဲ ငါးထပ် နှစ်လုံး ၃၆ ခန်းကို ငှားရမ်းခ ငွေကျပ်၂၀၀၀၀ နှုန်း Hall Type အကျယ်အဝန်း ၄၃၈ စတုရန်းပေ (မီးဖိုဘေစင်၊ ရေချိုးခန်း၊ အိမ်သာတွဲလျက်ပါဝင်)၊ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်လည်း ဝန်ထမ်းအိမ်ရာအတွက် မြို့ပေါင်း ၁၁ မြို့တွင် အဆောက်အအုံပေါင်း ၁၂ လုံး၊ အခန်းပေါင်း ၁၇၆ ခန်း တည်ဆောက်ခဲ့သည်။

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Town Plan) ရေးဆွဲခြင်းကို ၁၉၉၀ ခုနှစ်ခန့်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မြို့ပြစီမံကိန်း ၁၁ မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြို့ပြစီမံကိန်း ခြောက်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မြို့ပြစီမံကိန်း ခြောက်မြို့ ရေးဆွဲထားပြီးဖြစ်သည်။ ဆက်လက်၍ ရေးဆွဲရန်ကျန်ရှိသော မြို့များအား မြို့ပြစီမံကိန်းများ ဆက်လက်ရေးဆွဲရန်နှင့် ရေးဆွဲပြီးမြို့များကိုလည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် မြို့ပြစီမံကိန်းများကို Update(Revised) ပြန်လည်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။ မြို့ပြစီမံကိန်း (Town Plan) များ ရေးဆွဲခြင်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ် နေပြည်တော်မှ ကျွမ်းကျင်ပညာရှင်များဖြင့် သက်ဆိုင်ရာဒေသမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖမြို့ခံများ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဆွေးနွေးပြီး ဆောင်ရွက်လျက်ရှိသည်။

## ဆောင်ရွက်ပြီးခဲ့သည့်လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ

၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးခဲ့သည့်လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့တွင် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ဆီဆိုင်မြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ကွန်ဟိန်းမြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ မိုင်းပန်မြို့၌ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံးတို့ကိုတည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဟိုပုံးမြို့၌ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ရပ်စောက်မြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ ရွာငံမြို့ ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ပင်းတယမြို့၌ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ လွိုင်လင်မြို့၌ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး တို့မှာ ၂၀၂၂ ခုနှစ် မတ်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေများဖြင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မိုင်းဖြတ်မြို့၌ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ မိုင်းတုံမြို့၌ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးတို့ကို ပြီးစီးအောင် တည်ဆောက်ပေးထားပြီး ကျိုင်းတုံမြို့တွင် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မိုင်းဆတ်မြို့၌ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မိုင်းဖြတ်မြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးတို့မှာ ၂၀၂၂ ခုနှစ် မတ်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ဆက်လက်၍ ကျောက်မဲမြို့၌ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မူဆယ်မြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး၊ သိန္နီမြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ဟိုပန်မြို့၌ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာတစ်လုံးတို့ ပြီးစီးအောင် တည်ဆောက်ပေးခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့၌ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မူဆယ်မြို့၌ လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မိုးမိတ်မြို့၌ လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကို ၂၀၂၂ ခုနှစ် မတ်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ရှမ်းပြည်နယ်တွင် ၂၀၁၆–၂၀၁၇ မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အထိ ဝန်ထမ်းအိမ်ရာတိုက် ၇၄ လုံး၊ အခန်းပေါင်း ၁၁၇၀၊ အငှားအိမ်ရာတိုက် ခုနစ်လုံး၊ အခန်း ၁၅၆ ခန်း၊ အရောင်းအိမ်ရာ တိုက် ၈၁ လုံး၊ အခန်း ၁၃၂၆ ခန်းတို့ကို တည်ဆောက်ကာ ငှားရမ်းရောင်းချပေးခဲ့ပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်အထိ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ၁၀ မြို့နယ်သာဝန်ထမ်းအိမ်ရာတိုက် ၁၅ လုံးနှင့် အခန်း ၆၉၂ ခန်း ရှိရာမှာ နောက်ထပ် ၁၆ မြို့နယ် ထပ်မံတိုးချဲ့၍ ဝန်ထမ်းအိမ်ရာတိုက် ၇၄ လုံး၊ အခန်းပေါင်း ၁၁၇၀ နှင့် အငှားအိမ်ရာတိုက် ခုနစ်လုံး၊ အခန်း ၁၅၆ ခန်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့သောကြောင့် ယခုအခါ ရှမ်းပြည်နယ်တွင် ဝန်ထမ်းအိမ်ရာ တိုက် ၁၇၉ လုံးနှင့် အခန်းပေါင်း ၁၈၆၂ ခန်းအထိ ရှိနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**"တောင်ကုန်းတောင်တန်းများပေါများ၍ ဝေးလံခေါင်သီသည့်ဒေသဖြစ်သော်လည်း ပြည်နယ်တစ်ခုလုံးမှ တိုင်းရင်းသားပြည်သူများ၊ ဝန်ထမ်းများ၊ ပင်စင်စားများအတွက် ဝန်ထမ်းအိမ်ရာများ၊ အငှားအိမ်ရာများနှင့် အရောင်းအိမ်ရာများကို ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပေးလျက်ရှိသည်။ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနသည် လူသားတို့၏အခြေခံလိုအပ်ချက် ဖြစ်သော စားဝတ်နေရေးတွင် အဓိကလိုအပ်ချက် နေရေးကို ဖြည့်ဆည်း ဆောင်ရွက်"**

# ထူးသောသတ္တိတစ်မျိုး

ပီမိုးနှင်း

(ခေတ်ပုံဖြင့် ကူးရိုက်၍မရ၊ ပန်းချီစုတ်တံဖြင့် ခြယ်မှုန်း၍မဖြစ်၊ ပန်းပုဆရာ၏ ဆောက်ချက်ဖြင့် ထွင်းထု၍မရ၊ စာဟောင်းပေဟောင်းများနှင့် ထေရုပ္ပတ္တိစာတမ်းများ၌ သေချာစွာမဖော်ပြ၊ မြင်လျှင် မည်သူမဆိုသိနိုင်လျက် အဘယ်သို့သောအရာဟု ပြောမပြနိုင်သော သိမ်မွေ့သောအရာတစ်ခုသည် ထင်ရှားသောသူဟူသမျှ၌ရှိ၏။ ထိုအရာကို တန်ခိုးသတ္တိတစ်မျိုးဟု ခေါ်အပ်ပေသည်။)

လောက၌ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည်ရှိ၏။ ၎င်းပုဂ္ဂိုလ်မျိုးသည် အခြားသောသူများထက် ထူးခြားသော သတ္တိစွမ်းရည်၊ ပညာဂုဏ်မရှိဘဲလျက် ရောက်ရာမှာ ထင်ရှားပြီး ၎င်းတို့၏နာမည်ကို ကြားလိုက်ရရုံမျှဖြင့် လူအများတို့သည် ၎င်းတို့ကို တွေ့ချင်မြင်ချင်သောစိတ် ရှိတတ်ကြလေသည်။

ထိုသတ္တိထူးကို လောကဓာတ်ပညာအစွမ်းဖြင့် တိုင်းတာ၍ရမည်ဆိုလျှင် ကျောင်းသားသူငယ်များကိုပင် နောင် အဘယ်ကဲ့သို့သော အခြေအနေအထိ ကြီးပွားပေါက်ရောက်မည်ကို တင်ကြိုဟောပြောနိုင်ဖို့ရှိလေသည်။

ယခုမှာမူ ထိုသတ္တိထူးကို မတိုင်းမချိန်နိုင်ကြသဖြင့် ဉာဏ်ပညာနှင့် လူစွမ်းသတ္တိကိုကြည့်ကာ လူကဲကိုခတ်ကြရလေသည်။ စင်စစ်အားဖြင့်သော်ကား ထိုမထင်ရှားသော သတ္တိ၊ မြင်လျက် မမြင်မသိရသကဲ့သို့နေသော သတ္တိသည် ဉာဏ်ပညာကြီးမားသောသူများကိုပင် စေခိုင်းနိုင်သော သတ္တိဖြစ်လေရာ လောက၌ အထွတ်အထိပ်သို့ရောက်၍နေသောသူတို့မှာ ဉာဏ်ပညာမထူးကဲခြင်းဖြင့် သိရလေသည်။

ထိုထူးခြားသော သတ္တိသည် လူထဲ၌ ပေါက်ရောက်လွယ်ကူသောသူတို့မှာရှာလျှင် တွေ့နိုင်လေသည်။ သို့ဖြစ်၍ ဉာဏ်ပညာအရည်အချင်းသင့်လျော်ရုံမျှရှိ၍ ခံ့ညားသောကျက်သရေနှင့်ပြည့်စုံလျက် ယဉ်ကျေးသောအမူအရာ အသုံးအနှုန်းရှိသူတို့သည် မိမိတို့ထက် ပညာအရည်အချင်းရှိသူတို့ကိုကျော်လွှားပြီး မြင့်ရာသို့ရောက်ကြသည်ကို အခါများစွာတွေ့ရှိနိုင်လေသည်။ သို့ဖြစ်သောကြောင့် ဘယ်သူဘာတတ်လို့လဲ၊ လက်သင့်ရာ စားတော်ခေါ်တဲ့ကိန်းမျိုးနဲ့ မြှောက်စားခြင်းကို ခံရတာပါ။ ဘယ်သူက ဘယ်သူ့ကို ဖေဘာလုပ်တာကလား စသည်ဖြင့် ပညာအရည်အချင်းပြည့်စုံသူတို့က မကျေမချမ်းဖြစ်ကာ ပြောတတ်ဆိုတတ်ကြလေသည်။ အဘယ်သို့ပင် ပြောကြစေကာမူ ပညာအကြီးဆုံးသောသူတို့သည် အမြင့်ဆုံးသော နေရာကိုရောက်ခဲ့၍ အဆိုပါသတ္တိကောင်းသောသူတို့သာ အထွတ်အထိပ်သို့ အများအားဖြင့် ရောက်ကြသည့်အပြင် စီးပွားဥစ္စာရှာရာ၌လည်း သာမန်ဉာဏ်ရှိသူတို့သည် ဉာဏ်ကြီးသောသူတို့ထက် ကြီးပွားတတ်ကြသည်မှာ နေ့စဉ်တွေ့မြင်နိုင်သောအရာဖြစ်လေရာ ပညာထက် ဝီရိယနှင့် ပီယဝါစာ မေတ္တာစကားက ပိုမို၍တန်ခိုးကြီးကြောင်း သိသာလေသည်။

သို့အတွက် ပညာနှင့်ဥစ္စာ အဘယ်အရာက ပို၍မြတ်သနည်းဟု အမေးရှိက စိတ်ကောင်းနှင့် ဝီရိယကောင်းက အမြတ်ဆုံးဟု ပြောရပေလိမ့်မည်ဖြစ်ကြောင်း။

အချို့သော အပြောကောင်းသူတို့သည် ပရိသတ်ကို မိမိဘက်သို့ပါအောင် ပြောနိုင်ကြ၏။ သို့သော်လည်း ၎င်းတို့ပြောသောစကားများကို စာအုပ်၌ဖတ်ရသောအခါ ပြောဟောသည်ကို နားထောင်ရသလောက် စိတ်ကို မဆွဲတတ်ကြောင်း တွေ့ရလေသည်။ ဤအရာ၌ ပြောသောစကားကို နားထောင်ရသည့်အခါ ရေးသားသောစာ၌ မပါရှိသော သတ္တိထူးတစ်ခုသည် ပြောသူ၏သဏ္ဌာန်မှ ပျံ့နှံ့ထွက်ပေါ်နေသောကြောင့်ဟု သိသာလေသည်။

၎င်းတို့သည် မိမိတို့ပြောလိုသော စကားများကို မိမိတို့ကိုယ်တိုင်ပြောမှဖြစ်၏။ အခြားလူတစ်ယောက်အား ကိုယ်စားလှယ်လွှဲ၍ စာရေးပြီး အပြောခိုင်းချေက ထိုစကားများသည် အဘယ်မျှလောက်ပင် ခိုင်းစေကာမူ ပရိသတ်ကို ညွတ်အောင်ပြုဖို့ရန် မတတ်နိုင်ဘဲနေတတ်လေသည်။

သို့ဖြစ်၍ မထင်ရှားသော Personality ခေါ်သော သတ္တိသည် လွန်စွာတန်ခိုးကြီးသဖြင့် အလွန်တရာ ကြမ်းကြုတ်ခက်မာသော စိတ်သဘောတို့ကိုပင် နိုင်နင်းလျက် တစ်ခါတစ်ရံ လူမျိုးတစ်မျိုးလုံး၏ ရာဇဝင်ကို ပြောင်းလဲအောင်စွမ်းဆောင်နိုင်သော သတ္တိရှိလေသည်။

၎င်းထူးခြားသော တန်ခိုးသတ္တိနှင့် ပြည့်စုံကြသော သူတို့နှင့် တွေ့ကြုံရသောသူတို့မှာ စိတ်လက်ချမ်းမြေ့၍ အခက်အခဲတွေ့သည့်အခါများမှာပင် ခက်သည်ဟုမထင်ဘဲ အောင်မြင်မည့်နည်းလမ်းကို ရရှိတတ်ကြလေသည်။ ထိုလူမျိုးသည် စိတ်အားကိုတိုးတက်စေသော လူမျိုးဖြစ်လေသည်။

အချို့သောလူများကား အထက်ဖော်ပြသော လူမျိုးနှင့်မတူ၊ ခြားနားကွဲပြား ဆန့်ကျင်၍ အများတို့၏စိတ် ငြိုငြင်အောင် ပြုတတ်ကြလေသည်။ ထိုကဲ့သို့သောလူများကို မည်သူမျှမတွေ့လို၊ မကြုံလိုကြချေ။

ထိုလူနှစ်မျိုးအနက် တစ်မျိုးသည် လူအချင်းချင်းအပေါ်၌ လေးစားချစ်ခင်လျက် သူတစ်ပါးကို အားပေးကူညီချင်သောစိတ်ရှိ၍ တစ်ပါးသူ၏ အကျိုးစီးပွားကို မိမိကိုယ်တိုင်အကျိုးစီးပွားကဲ့သို့ သဘောထားလေ့ရှိ၍ အခြားငြိုငြင်ဖွယ်လူတစ်မျိုးမှာမူကား အဆိုပါလူနှင့် ဆန့်ကျင်စွာ ကျောချင်းကပ်၊ ဗီလာသဘောထားလေ့ရှိသူများဖြစ်တတ်ကြသဖြင့် ကိုယ်ကျိုးကိုယ့်စီးပွားကို ရှာတတ်ကြသူများဖြစ်ကြလေသည်။ ထိုလူမျိုးတို့၏စိတ်၌ သူတစ်ပါးကောင်းစားသည်ကိုလည်းကောင်း၊ သူတစ်ထူးကျော်ကြားသည်ကိုလည်းကောင်း မနှစ်လိုခြင်းသည် လွှမ်းမိုး၍နေတတ်သည်မှာ မျက်နှာတွင် ထင်ရှားသိသာလေသည်။

သို့ဖြစ်၍ မုန်းပင်စိုက်ပျိုး၊ မုန်းမျိုးတည်ထောင် မချစ်မခင်အောင် လုပ်တတ်သူတစ်မျိုး၊ ချစ်ပင်စိုက်ပျိုး၊ ချစ်မျိုးတည်ထောင် ချစ်ခင်အောင် လုပ်တတ်သူတစ်မျိုးဟု လူ့ပြည်၌ လူနှစ်မျိုးရှိတတ်လေရာ ကိုယ်စီကိုယ်င မိမိတို့စိုက်ပျိုးလေ့ရှိကြသော အပင်များ၏ အသီးအပွင့်ကို ရရှိခံစားကြရတတ်သည်ကို နှလုံးသွင်းဖို့ကောင်းကြလေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွေးချယ်တတ်သူဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့ မယ်တို့အနေနဲ့ ရွေးချယ်တတ်သူဖြစ်ချင်သလားဆိုရင် ဘာကိုရွေးချယ်တတ်ရမှာလဲလို့ အမေးရှိလာနိုင်ပါတယ်။ ရွေးချယ်တတ်မှုဆိုတာ အလွန်အရေးကြီးပါတယ်။ မိမိအလိုရှိရာကို ရွေးချယ်ချင်ကြတယ်လေ။ ရွေးချယ်ခွင့်ရှိသမျှ ရွေးချယ်ချင်ကြတာလူ့သဘာဝ၊ လူ့အထာဆိုလည်း မမှားပါဘူး။

ဒါပေမဲ့ မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့တော့ လိုတာပေါ့။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီး အောင်စာရင်းထွက်လာတဲ့အခါ အောင်မြင်သူများရော၊ ဂုဏ်ထူးအသီးသီး ဆွတ်ခူးနိုင်သူများရော သက်ဆိုင်ရာမိသားစုဝင်များပါ ပျော်ရွှင်ကြလေရဲ့။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း ကြည်နူးဝမ်းသာဖြစ်ကြရတယ်။ အဲဒါ စာမေးပွဲဝင်ရောက်ဖြေဆိုလိုက်ခြင်းရဲ့ အသီးအပွင့်၊ အတိအကျပြောရရင်တော့ နှစ်စကနေစတင်ပြီး စာကြိုးစားလာခြင်းရဲ့ အသီးအပွင့်ပါပဲ။ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူကိုယ်တိုင်နဲ့ မိဘအပါအဝင် မိသားစုဝင်တွေရဲ့ မှန်ကန်တဲ့ရွေးချယ်မှုပဲပေါ့။ ကျောင်းသားဒါမှမဟုတ် ကျောင်းသူကို စာကြိုးစားချင်စိတ်ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းနှိုးဆော်ပေးတဲ့ မိသားစုဝင်တွေရဲ့စိတ်စေတနာ ရွေးချယ်မှုမှန်ကန်ခဲ့လို့၊ ကျောင်းသား ကျောင်းသူကိုယ်တိုင်ကလည်း လိုက်နာမှုမှန်ကန်ခဲ့လို့ စာမေးပွဲကြီးကို အောင်မြင်တာ၊ အောင်မြင်ရုံတင်မဟုတ်ဘူး ထူးချွန်စွာနဲ့ ဂုဏ်ထူးတွေပါရရှိအောင်မြင်တာဟာ မှန်ကန်တဲ့ရွေးချယ်မှုကို ကျင့်ဆောင်ခဲ့ကြလို့ပဲပေါ့ကွယ်။

မြန်မာတစ်နိုင်ငံလုံးမှာ ၂၀၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ နံနက် ၆ နာရီက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ခဲ့တာဖြစ်တယ်။ တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်း ၄၆ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်းနဲ့ စာမေးပွဲဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၈၁၇၅၁ ဦးရှိပြီး အောင်မြင်သူ ၁၃၂၀၇၇ ဦးရှိကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ထုတ်ပြန်ခဲ့တယ်။



မောင်တို့ မယ်တို့ဟာ သူငယ်တန်းကနေ ဆယ်တန်းအထိ ကျောင်းပညာကိုကြိုးကြိုးစားစားနဲ့ တာဝန်ကျေပွန်စွာ အားထုတ်ဆည်းပူးခဲ့ကြလို့ ယနေ့ အောင်မြင်မှုရတာ၊ အောင်မြင်ရုံတင်မကဘူး ထူးချွန်စွာနဲ့ ဂုဏ်ထူးအသီးသီးရရှိ အောင်ပွဲခံခဲ့ကြပြီး ဂုဏ်ယူစရာလည်းကောင်းတယ်။ ကြည်နူးဝမ်းသာစရာလည်းကောင်းတယ်။ အလွန်မင်္ဂလာရှိတဲ့နေ့တစ်နေ့လည်းဖြစ်ခဲ့တယ်။

မောင်တို့ မယ်တို့ဟာ အစကောင်းခဲ့ပြီ။

အခြေခံပညာအဆင့် လွန်မြောက်ပါပြီ။

အဆင့်မြင့်ပညာကို ဆက်လက်တက်ရောက်သင်ယူကြရတော့မယ်။ အဆင့်မြင့်ပညာ ဆက်လက်ဆည်းပူးမယ်ဆိုရင် အသက်မွေးဝမ်းကျောင်း ဘဝပုံသဏ္ဌာန်လေးမျိုးရှိတယ်။

၁။ ဝန်ထမ်းလုပ်မလား။

၂။ ကိုယ်ပိုင်လုပ်ငန်းလုပ်မလား။

၃။ လုပ်ငန်းရှင်ကြီးလုပ်မလား။

၄။ ရင်းနှီးမြှုပ်နှံသူလုပ်မလား။

အမေရိကန်သန်းကြွယ်သူဌေး စာရေးဆရာ ရောဘတ်၊ တီ၊ ကီ ယိုဆာကီ ရေးလေ့ရှိတဲ့ ဂုဏ်တူစုခွဲနည်းနဲ့ ခွဲခြားဖော်ပြတာဖြစ်တယ်။

နောင်ဆယ်နှစ်ကို ကြိုတင်မြော်တွေး စဉ်းစားထားပါ။

ဝန်ထမ်းအလုပ် လခစားလုပ်ပြီးမှ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုကို ထူထောင်ရင်လည်းရတာပါပဲ။ ကိုယ်ပိုင်လုပ်ငန်းကို ပိုမိုကြီးမားအောင် လုပ်ရင်လည်းဖြစ်တာပါပဲ။ ငွေကြေးနေဥစ္စာတွေ ပြည့်လျှံထားစရာမရှိအောင်များလာလို့ ရင်းနှီးမြှုပ်နှံသူလုပ်မယ်ဆိုရင်လည်း ရတာပေါ့ကွယ်။ မိမိရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့်အရာကို ရွေးချယ်တတ်ဖို့ပဲလိုပါတယ်။

ဘာပဲဖြစ်ချင်ဖြစ်ချင် လုပ်ငန်းကျွမ်းကျင်မှုနဲ့ လူမှုဆက်ဆံရေးပညာကိုတော့ ဘဝတစ်လျှောက်လုံး စိတ်အားထက်သန်စွာ ဆည်းပူးလေ့လာနေပါ။ အဲဒါတစ်သက်လုံးအတွက် အသုံးဝင်တာပါပဲ။

မောင်တို့ မယ်တို့အနေနဲ့ ဘာဖြစ်ချင်တာလဲဆိုတာ မိမိဘာသာ အသေအချာစဉ်းစားပါ။ ဒီအချိန်က အရေးကြီးတဲ့အချိန်ပါ။ ရွေးချယ်မှုလမ်းလွဲသွားရင် ပြင်ဖို့ရာခက်ခဲပါတယ်။ ဆယ်နှစ်ဆိုတာ ခဏလေးနဲ့ ရောက်လာမှာ။ ဘဝဆိုတာလည်း တိုတိုလေး။ ရည်မှန်းထားတာမရှိ ရည်မှန်းချက်မည်မည်ရရမရှိဘဲ ဝေလေလေနဲ့ သေသွားကြသူကများတယ်။

ဘဝတစ်ခုဟာ အဓိပ္ပာယ်ရှိရမယ်။

ငါ ဘာဖြစ်သလဲ။ အဲဒီရည်မှန်းချက်ကို ဆယ်နှစ်အတွင်း မရောက်ရောက်အောင်သွားမယ်လို့ ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ရွေးချယ်ဆုံးဖြတ်ထားရမယ်။ ရည်ရွယ်ချက်ရှိမှ ဘဝဟာတန်ဖိုးရှိပါတယ်။

တက္ကသိုလ်ဝင်တန်းအောင်မြင်မှုရမှတ် အနည်းအများနဲ့ ရွေးချယ်တက်ရောက်သင့်တဲ့ တက္ကသိုလ်အမျိုးအစားကို စိတ်ကြိုက်ရွေးချယ်ပါ။ မိမိစိတ်သန်ရာကို ဦးစားပေးပါ။ မိဘက တိုက်တွန်းလို့၊ သူငယ်ချင်းက ဆွယ်တရားဟောလို့၊ အဖော်မင်လို့ စတဲ့အကြောင်းကြောင်းတွေကြောင့် ကိုယ်တကယ်မနှစ်သက်တဲ့တက္ကသိုလ်ကို ရွေးချယ်မိခဲ့မယ်ဆိုရင် ကိုယ်တိုင်ပဲ လက်တွေ့မှာရင်ဆိုင်ကြုံတွေ့ဖြတ်သန်းရမှာဖြစ်တယ်။

ဒါကြောင့် ဘဝအတွက် ရွေးချယ်ကြရမယ့်အရာတွေက အများကြီး။ ခုလို ဘဝတစ်ကွေ့မှာ စဉ်းစားဆုံးဖြတ်ရမယ့်အရေးဟာ ဘဝရှေ့ရေးအတွက် အလွန်အရေးကြီးတာကြောင့် အမှန်ကန်ဆုံးရွေးချယ်တတ်ကြဖို့ အသိ၊ သတိနဲ့ အတ္တကိုရှေ့တန်းမတင်ဘဲ ဖြစ်သင့်ဖြစ်ထိုက်တာကို ဆင်ခြင်လုပ်ဆောင်ကြမယ်ဆိုရင် ဘဝအတွက် အမှန်ကန်ဆုံးရွေးချယ်တတ်သူဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**စိတ်ကျေနပ်မှုရပါစေ**

"စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့သည် စိတ်သာရှေ့သွားခေါင်းဆောင်ဖြစ်ပေသည်။ စိတ်သာအကြီးအမှူး ဦးစီးဖြစ်ကုန်၏။ စိတ်အတိုင်းဖြစ်ကုန်၏။ ကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်ကြံစည်သူ၏နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခအစဉ်လိုက်လေသည်။"

ဓမ္မပဒ၊ယမကဝဂ်၊(စာပိုဒ်-၂)



အောင်မြင်လိုသူသည် လူမှုဆက်ဆံရေးကောင်းရပေမည်။ လူမှုဆက်ဆံရေးကောင်းလျှင် ဝန်ဆောင်မှု ကောင်းစေမည်ဖြစ်သည်။ ဝန်ဆောင်မှုကောင်းလျှင် မိမိနှင့်ထိတွေ့ရသည့်ဝန်းကျင်က လူများအတွက် စိတ်ကျေနပ်မှုရစေသည်။ တစ်နည်းအားဖြင့် စားသုံးသူများ၏ စိတ်ကျေနပ်မှုကို ရစေမည်ဖြစ်သည်။

သို့မှသာ မိမိကို လိုလားနှစ်သက်မှုဖြစ်ပေါ်စေမည်။ အများ၏စိတ်ကျေနပ်မှုသည် ရုပ်ဝတ္ထုကရသည့် စိတ်ကျေနပ်မှုထက် များစွာသာလွန်ပါသည်။ လူများစွာကို ကျေနပ်အောင်သာ ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ပြီဆိုလျှင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ မပြည့်စုံသည့်တိုင် ကျေနပ်ခွင့်လွှတ်နိုင်ကြသည်။

ဝန်ဆောင်မှုကောင်းစေရန်မှာ လူမှုဆက်ဆံရေးနည်းဗျူဟာများကို သိရှိကျင့်သုံးရန်လိုအပ်သည်။ လူမှုဆက်ဆံရေးကောင်းမွန်စေရန် လိုက်နာရမည့် အချက် ကိုးချက်သာရှိသည်။

**၁။ ပြုံးရမည်**

အောင်မြင်ချင်လျှင် ပြုံးရမည်။ စိတ်ချမ်းသာလိုလျှင်ပြုံးရမည်။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြင့် ဆက်ဆံရပေမည်။ ကျောင်းဆရာ၊ ဆရာဝန်၊ ရှေ့နေ၊ ဈေးသည် မည်သူပင်ဖြစ်စေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေကြသည့်လူများမှာ မျက်နှာထားပြုံးရွှင်ကြည်လင်မှုရှိသူဆီကိုပဲ မိတ်ဆွေများ၊ အမှုသည်များ၊ လူနာရှင်များ၊ ကျောင်းသားများ၊ ဈေးဝယ်သူများ လာကြမည်ဖြစ်သည်။ ထို့ကြောင့် ပြုံးရပေမည်။

**၂။ မျက်လုံးချင်းဆုံရမည်**

စကားပြောသည့်အခါ မျက်နှာကို စေ့စေ့ကြည့်ပြီးပြောရမည်။ မျက်လုံးချင်းဆုံပြီး နားထောင်ရမည်ဖြစ်သည်။ သို့မှသာ အထိရောက်ဆုံး၊ အကောင်းဆုံးသော လူမှုဆက်ဆံရေး၏ ဆက်သွယ်မှုကို ရမည်ဖြစ်သည်။ မျက်လုံးချင်းဆုံပါဟူသည့်အချက်သည် နိုင်ငံတကာအတွက် လူသားအားလုံးနှင့်ဆိုင်သည့် နည်းဗျူဟာဖြစ်သည်။ လူမှုဆက်ဆံရေးတွင် ရဲရဲတင်းတင်း မျက်လုံးချင်းဆိုင်ပြီး ပြောဆိုဆက်ဆံရပေမည်။

**၃။ နာမည်ခေါ်ရမည်**

နာမည်ခေါ်၍ပြောဆိုမှုကို ခံရလျှင် မည်သူမဆို အလိုလိုကျေနပ်အားရခံစားရသည်ဟု ဆိုကြသည်။ ထို့ကြောင့် လုပ်ဖော်ကိုင်ဖက်များနှင့် ဖောက်သည်များ၏ နာမည်ကို သိအောင်ကြိုးစားရမည်။ နာမည်ကို မှတ်မိအောင်ကြိုးစားရမည်။ ယင်းတို့၏နာမည်ကိုသိနေပြီး ခေါ်ဝေါ်သုံးစွဲပြောဆိုမှုသည် ထိရောက်၏။ အောင်မြင်သည့်ဆက်ဆံရေးကို ရရှိစေသည်။ နာမည်ကို ခေါ်ဝေါ်ပြောဆိုရပေမည်။

**၄။ ခွဲခြားမှုမရှိ အာရုံစိုက်ရမည်**

လူအများက မျက်နှာလိုက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းကို မနှစ်သက်ကြပေ။ ထို့ကြောင့် လေးလေးစားစားဖြင့် အာရုံစိုက်ပြီး တန်ဖိုးထားဆက်ဆံလိုက်လျှင် တစ်ဖက်လူကျေနပ်မှုရသွားမည်။ သို့ဖြစ်သောကြောင့် ကျား၊ မ ၊ လူကြီး၊ လူငယ်၊ ကလေး၊ လူမျိုး၊ ဘာသာ စသည်ဖြင့် မခွဲခြားဘဲ အာရုံစိုက်ရပေမည်။

**၅။ ကိုယ်လက်လှုပ်ရှားမှုကိုကြည့်ရမည်**

နှုတ်ကထုတ်ဖော်မပြောသော်လည်း ကိုယ်ဟန်အမူအရာက ကျေနပ်မှု၊မကျေနပ်မှုကိုပေါ်လွင်စေသည်။ သို့ဖြစ်၍ မိမိက ဂရုစိုက်ဆက်ဆံတတ်ရန် လိုအပ်သည်။ လူမှုဆက်ဆံရေးတွင် တစ်ဖက်လူ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာကို သိရှိစေရန် ဂရုစိုက်ကြည့်တတ်ရပေမည်။

**၆။ လိုက်လျောညီထွေပြောဆိုရမည်**

ကြီးသူ၊ ရွယ်တူ၊ငယ်သူတို့၏ ရှိတတ်သည့်စရိုက်၊ အကြိုက်၊ အရည်အသွေး၊ အဆင့်အတန်း၊ အခြေအနေ၊ သဘောထားအမြင်စသည့်အချက်များကို လိုက်လျောညီထွေ ပြောဆိုရမည်။ အလိုက်အထိုက်ပြောဆိုတတ်ရန်လိုအပ်ပြီး ထိပ်တိုက်ငြင်းခုံခြင်းမျိုးကို ကြိုတင်ရှောင်ကြဉ်ပြီး လိုက်လျောညီထွေပြောဆိုရပေမည်။

**၇။ လေးစားအသိအမှတ်ပြုရမည်**

လုပ်ဖော်ကိုင်ဖက်ဖြစ်စေ၊ ဖောက်သည်ဖြစ်စေ လေးစားတန်ဖိုးထားကြောင်း တစ်ဖက်လူသိသာပြီး ယုံကြည်စိတ်ချမှုရှိစေရန် ပြောဆိုဆက်ဆံရမည်။ ဆက်ဆံသည့် နေရာတွင် တောသား၊ မြို့သားမခွဲခြားသကဲ့သို့ လူဖြူ လူမည်း အထင်သေး၊ အထင်ကြီးမှု မခွဲခြားဘဲ လူအချင်းချင်း လေးစားတန်ဖိုးထားကြောင်း ပြသနိုင်ရမည်။

**၈။ ယုံကြည်မှုအပြည့်အဝရှိရမည်**

သူတစ်ပါးနှင့်ဆက်ဆံသည့်အခါ မိမိကိုယ်ကိုယ်ယုံကြည်မှု အပြည့်အဝရှိရန် အရေးကြီးသည်။ ယုံကြည်မှုရှိစေရန် မိမိဘက်ကလိုအပ်သည့် အကောင်းဆုံးပြင်ဆင်မှု၊ စေတနာကောင်းအရင်းခံပြီး မိမိအခြေအနေ၊ မိမိအရည်အချင်းကို သိရှိနေရန်လိုအပ်ပေမည်။

**၉။ သပ်သပ်ရပ်ရပ်ဝတ်ဆင်ရမည်**

လူမှာအဝတ် တောင်းမှာအကွပ် ဆိုသည့်စကားအရ သပ်ရပ်သန့်ရှင်းစွာ ဝတ်စားဆင်ယင်ထားလျှင် အထင်မကြီးသော်လည်း အထင်တော့မသေးနိုင်။ ဘောင်းဘီဝတ်ပြီး ညှပ်ဖိနပ်စီးလာသူ၊ စကတ် သို့မဟုတ် ဂျင်းဘောင်းဘီဖြင့် မင်းပွဲစိုးပွဲတက်လာသူ စသည်တို့မှာ အဝတ်အစားညံ့ဖျင်း၍ အထင်သေးခံရခြင်းမဟုတ်၊ ဘယ်ခရီး ဘယ်ထီးနဲ့ တော်သလဲ၊ ဘယ်အရပ် ဘယ်ဖိနပ်နဲ့ တော်သလဲ၊ ဆီလျော်အောင် မဝတ်စားတတ်မှုကြောင့် ဦးနှောက်နည်းသူအဖြစ် သူတကာ အထင်သေးခံရနိုင်ပါသည်။ သူများနိုင်ငံတွင် သစ်ခုတ်၊ မြေတူး၊ မြက်ခုတ်စဉ် ဝတ်ကြသည့် ဂျင်းဘောင်းဘီ၊ တီရှပ်တို့ကို ပွဲလမ်းသဘင်မှာ ဝတ်လာမိရင် လွဲပြီဖြစ်သည်။ အများနှင့်ဆက်ဆံရာတွင် သပ်သပ်ရပ်ရပ် ဝတ်ဆင်ရပေမည်။

ယင်းတို့သည် အများအားဖြင့် မိဘဆရာသမားများ၏ ဆုံးမသွန်သင်ပြသမှုကြောင့် သိရှိပြီးသားအချက်များပင်ဖြစ်သည်။ လိုက်နာကျင့်သုံးလိုက်သည်နှင့် ဝန်ဆောင်မှုကောင်းသူ၊ ဆက်ဆံရေးကောင်းသူ၊ လူမှုဆက်ဆံရေးစွမ်းရည်ပြည့်ဝသူအဖြစ် ဝန်းကျင်ကလက်ခံအမှတ်ပေးလာမည်ဖြစ်ပြီး မိမိနှင့်ဆက်ဆံရသူတို့သည် စိတ်ကျေနပ်မှုရရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍ မိမိသည်လည်း ကောင်းသောအကျိုးဆက်များရရှိကာ ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာမှုကို လက်ဝယ်ပိုင်ဆိုင်လာမည်ဖြစ်ပေတော့သည်။ ။

■

# သင့်ပျော့ကွက်ကို အမြတ်ထုတ်ပါ

အောင်မြတ်စည်သူ

သင်၏အားသာချက်နှင့် အားပျော့ချက်များကို သီးခြားစာရွက်တစ်ရွက်စီတွင် စာရင်းပြုစုလိုက်ပါ။ သင့်အားသာချက်က သင့်ကို အမြဲတစေ အားတက်စေသောကြောင့် အားသာချက်များကို ထင်မြင်ရမည့်နေရာတွင် ကပ်ထားပါ။

ယခုသင်၏ အားပျော့ချက်စာရင်းကို ကြည့်ရှု၍ တစ်ခဏလေ့လာလိုက်ပါ။ ယင်းတို့နှင့်ပတ်သက်၍ ရှက်ရွံ့ခြင်း (သို့မဟုတ်) အပြစ်မကင်းသည်ဟု ခံစားမှုပပျောက်သည်အထိနေပါ။ ယင်းတို့အား မကောင်းသော လက္ခဏာများအစား စိတ်ဝင်စားဖွယ်စရိုက်များဖြစ်ပေါ်လာပါစေ။ ထိုစရိုက်လက္ခဏာ တစ်ခုချင်းသင့်အတွက် မည်သို့အသုံးဝင်မည်မှန်း စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ အားနည်းချက်များနှင့်ပတ်သက်၍ ထိုသို့ ကျွန်တော်တို့ မေးလေ့မရှိလှသော်လည်း ကျွန်တော်ထောက်ပြချင်သည်မှာ ထိုအချက်ပင်ဖြစ်သည်။

ကျွန်တော် ကလေးဘဝက အက်ဒီဆယ်လီဗန် အစီအစဉ်တွင် "သစ်သားငုတ်ခြေဘေ့စ်" ဟု အမည်တွင်သော ခြေထိုးသမားအကသမားတစ်ယောက်၏ ကကွက်အား ကြည့်ခဲ့ရဖူးသည်ကို အမှတ်ရမိသည်။ ဘေ့စ်သည်ငယ်စဉ်ကပင် ခြေပြတ်သွားခဲ့သည်။ ထိုအခြေအနေတွင် လူတော်တော်များများအား ကြေးစားအကသမားဖြစ်ရန် စိတ်ကူးအိပ်မက်ကို စွန့်လွှတ်မိခဲ့မည်မှာ အမှန်ပင်။

သို့သော်ဘေ့စ်အတွက်မူ ခြေထောက်တစ်ချောင်းဆုံးရှုံးမှုသည် ရေရှည်အားနည်းချက်တစ်ရပ် မဟုတ်ချေ။ ယင်းကို သူ၏အားသာချက်ဖြစ်အောင်လုပ်လိုက်သည်။ သူသည် သစ်သားငုတ်ကို ခြေထောက်၏ထိပ်တွင် ခွာတစ်ခုတပ်လိုက်ပြီး တီထွင်လိုက်သည်။ ပွဲဝင်ရန် အစမ်းစစ်ဆေးခံရသောအခါ သူသည် တခြားအကသမားများနှင့် ခြားနားနေခဲ့ပြီး မကြာမီကာလတွင် သူ၏အားနည်းချက်သည် အားသာချက်ဖြစ်လာသည်။

ရန်ပုံငွေရှာဖွေရေး ဝိဇ္ဇာတစ်ဦးဖြစ်သူ မိုက်ကယ်ဘေ့စ်အေ့ဖ်သည် သဘောမတွေ့ကြသော အရာထမ်းများအား အလွန်တော်သော ရန်ပုံငွေရှာဖွေသူများဖြစ်အောင် အသွင်ပြောင်းခြင်းဖြင့် ဖွံ့ဖြိုးနေသောကမ္ဘာကြီး အံ့သြသွားအောင်လုပ်ခဲ့သည်။ သူသည်လည်း လူတို့၏အားနည်းချက်များကို ကြိုက်သည်။ ထိုအားနည်းချက်များကို အားသာချက်များဖြစ်အောင် ပြောင်းလဲနိုင်ကြောင်း သူသိသည်။

သူအလုပ်လုပ်နေသော ဖွံ့ဖြိုးရေးရုံးခန်းတွင် အလွန်ပင်အရှက်အကြောက်ကြီးသော စာရေးမလေးရှိနေပါလျှင် သူ့ကိုရုံး၌ာန၏ အကောင်းဆုံးနားထောင်သူဖြစ်အောင် အသွင်ပြောင်းလိုက်သည်။ သူက ပီပီပြင်ပြင် နားထောင်လေ့ရှိသောကြောင့် အလှူရှင်များ သူနှင့်စကားပြောဆိုရန် ဆန္ဒများတတ်သလို၊ သူ၏သေချာနားထောင်တတ်မှုကြောင့် သူတို့ကိုယ်သူတို့ အလွန်အရေးပါသူများ စိတ်ကြီးဝင်သွားရသည်။

အားနိုးလ်ရှဝါဇီနက်ဂါသည်ကြေးစားသရုပ်ဆောင်တစ်ဦးဖြစ်လာသောအခါ အားနည်းချက်တစ်ခုရှိခဲ့သည်။ ထိုအားနည်းချက်ကား သူ၏ဩစတြေးလျသံဝဲလွန်းသော စကားပြောပင်ဖြစ်သည်။ သို့သော်သိပ်မကြာမီကာလတွင် အားနိုးလ်သည် သူ၏ ဝဲနေသံအား သူ၏အက်ရှင်ဇာတ်လိုက်၏ နှစ်သက်ဖွယ်ရာလက္ခဏာတစ်ရပ်အဖြစ်သို့ မြှင့်တင်နိုင်ခဲ့ပြီး ယခင်က သူ၏အားနည်းချက်သည် အားသာချက်တစ်ရပ်ဖြစ်လာသည်။ သူ၏ လေယူလေသိမ်းသည် သူ့ဇာတ်ကောင်၏စရိုက်လက္ခဏာ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာပြီး လူတကာက သူ့လေကို တုပလာကြသည်။

ကျွန်တော့်ဘဝ စောစောပိုင်းကာလတွင် ကျွန်တော်၏ အားနည်းချက်တစ်ရပ်မှာ လူတို့ကို စကားပြောဆိုရန် ခက်ခြင်းပင်ဖြစ်သည်။ ကျွန်တော်သည် ကျွန်တော်၏ ပြောဆိုဆွေးနွေးနိုင်မှု စွမ်းရည်ကို ယုံကြည်မှုမရှိခဲ့ချေ။ ထို့ကြောင့် ကျွန်တော်သည် စာတိုစာရှည်ရေးသားသည့်အကျင့် ဝင်လာခဲ့သည်။ အတန်ကြာသောအခါ လွန်စွာအကျင့်ရပြီး ယင်းကို ကျွန်တော်၏ အားသာချက်ဖြစ်အောင် ပြောင်းလဲလိုက်သည်။ ကျွန်တော်၏ စာရေးသားမှုနှင့် ကျေးဇူးတင်လွှာ ရေးသားမှုသည် ကျွန်တော့်ရှက်ရွံ့မှုကိုသာလျှင် အားနည်းချက်တစ်ရပ်အဖြစ် ကျွန်တော် ဖေါင်းပေးခဲ့လျှင် ဖြစ်ထွန်းခဲ့မည်မဟုတ်သော ပေါင်းသင်းဆက်ဆံမှုများစွာကို ဖြစ်ထွန်းစေခဲ့တော့သည်။

ကျွန်တော့်မှာ ကလေးလေးယောက်ရှိသည်။ သို့သော် ကျွန်တော်သည် အသက် (၃၅) နှစ်အရွယ်ကျမှ ကလေးစတင်ယူခဲ့သည်။ ကာလအတော်ကြာအထိ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် အဖေတစ်ယောက်ဖြစ်ရန်အတွက် ပုံမှန်ထက် အသက်ကြီးနေသည်ဟု မြင်ခဲ့သည်။ ထို့အတွက် ကျွန်တော်စိတ်ပူခဲ့သည်။ ထိုမျှ အသက်ကြီးနေသော ဖခင်နှင့် ကျွန်တော့်သား (သို့မဟုတ်) သမီးများ အနေကျပ်မည်ဟု ကျွန်တော်ထင်ခဲ့သည်။ ထို့နောက်တွင်မူ ဤသည်မှာ အားနည်းချက်တစ်ရပ် မဖြစ်နိုင်ကြောင်း သဘောပေါက်ခဲ့သည်။ ကျွန်တော်သည် ကျွန်တော့်အသက် (၂၅) နှစ်အရွယ်ကို ပြန်ပြောင်းတွေးမိခဲ့သည်။ ထိုစဉ်ကာလက အိမ်ထောင်ပြုခဲ့လျှင် ဖခင်ကောင်းတစ်ယောက်ဖြစ်ရန် အတော်ခက်ခဲမည်ဟု စဉ်းစားမိခဲ့သည်။ မကြာမတင်ကာလတွင် ကျွန်တော်သည် ဤအားနည်းချက်အား အလွန်ကြီးမားသော အင်အားဖြစ်လာစေခဲ့သည်။

ထို့နောက် တစ်နေ့ ကျွန်တော့်ကလေးများနှင့်အတူ The Little Mermaid ဗီဒီယိုဇာတ်ကားကို ကြည့်ရှုနေချိန်တွင် ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ထိုဇာတ်ကားထဲမှ တက်ကြွကြံ့ခိုင်ပညာရှိသော ဆံပင်ဖြူရှည်ရှည်နှင့် ဖခင်အဖြစ် မြင်လာခဲ့သည်။ ယင်းသည် ပီပြင်သော ပုံရိပ်ဖြစ်ခဲ့သည်။ ယခုအခါတွင် ကျွန်တော်သည် ကျွန်တော့်အသက်အရွယ်အရ ကျွန်တော့်ကလေးများကို ပျိုးထောင်ရာတွင် အင်အားကြီးတစ်ရပ်အဖြစ် မြင်သည်။ တစ်ခုတည်းသော အားနည်းချက်မှာ ထိုအခြေအနေတွင် ကျွန်တော်ရှုမြင်ပုံတွင်သာ တည်နေခဲ့သည်။

လုံလုံလောက်လောက် အချိန်ယူစဉ်းစားပါလျှင် သင်၏ အားနည်းချက်စာရင်းမှနေ၍ အားသာချက်အဖြစ် ထောက်ယူ၍ မရသောအရာမရှိချေ။ ပြဿနာက ကျွန်တော်တို့ အားသာချက်အဖြစ် ကျွန်တော်တို့ မျက်နှာပူနေခြင်းပင်ဖြစ်သည်။ သို့သော် မျက်နှာပူခြင်းသည် အမှန်တကယ် တွေးတောစဉ်းစားနေမှုတစ်ရပ် မဟုတ်ချေ။ ကျွန်တော်တို့ အားနည်းချက်များအကြောင်း ကျွန်တော်တို့ အမှန်တကယ် စတင်စဉ်းစားလိုက်သည်နှင့် ယင်းတို့သည် အားသာချက်များဖြစ်လာပြီး စိတ်ကူးစိတ်သန်းကောင်းများ ထွက်ပေါ်လာသည်။ ။

**Ref : Take advantage of your weakness by steve chandler**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သည်တွင် ကိုကျော့မောင်က သူဖုန်းဆက်ခဲ့ကြောင်း ပြောပြသည်။ ယခုအချိန်အထိ နန်းကိန္နရီ စကားတစ်ခွန်းမျှ မပြောဖြစ်သေး။

ကိုမောင်မောင်ဦးနှင့် နန်းကိန္နရီတို့၏ ဆုံတွေ့မှုမှာ သူစိမ်းဆန်လျက် ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိလွန်းလှသည်ဟု ကိုကျော့မောင်ထင်သည်။ သူသည် ယင်းအဖြစ်ကို မလိုလားနိုင်လောက်အောင် ရှိလာကာ စကားဝင်ပြောချင်နေသည်။ သို့တိုင်အောင် သူသည်လည်း စကားမပြောမိ။ ဆက်လက် ဆိတ်ငြိမ်နေမြဲပင်။

"ခင်ခင်ကြီး နေကောင်းလားဟင်"

အတန်ကြာမှ ကိုမောင်မောင်ဦး မေးသည်။ နန်းကိန္နရီ ခေါင်းညိတ်ပြသည်။

"ကလေး အခုလာတာ ဝမ်းသာပါတယ်။ အစားအစာတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နောက်ကို မလာခဲ့နဲ့တော့နော်။ နောက်ကို တစ်ယောက်နဲ့တစ်ယောက် တွေ့ရအောင်လည်း ဘယ်တော့မှ မကြိုးစားနဲ့တော့ သိလား"

ကိုမောင်မောင်ဦး၏ စိမ်းကားပြတ်တောက်သောစကား။ ယင်းစကားအတွက် ကိုကျော့မောင် အံ့အားသင့်ရသည်။ နန်းကိန္နရီသည်လည်း အံ့အားသင့်သွားသည်။ ကိုမောင်မောင်ဦး၏ မျက်နှာကို ကြေကွဲစွာ စူးစိုက်ကြည့်နေသည်။

ကိုမောင်မောင်ဦးသည် ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ လှမ်းကြည့်နေသည်။

"တကယ်ပြောတာ။ ကလေးရဲ့ ဘဝနဲ့ ကလေး ဘာသာနေ။ သူတစ်ပါးဘဝထဲကို ဝင်လာဖို့မကြိုးစားနဲ့။ တစ်ယောက်နဲ့တစ်ယောက် ရောနှောဖို့ မစဉ်းစားနဲ့။ အဲဒီလို တသီးတသန့်နေတာဟာ ကလေးအတွက် အကောင်းဆုံးပဲ။ အဓိပ္ပာယ် အရှိဆုံးပဲ"

ကိုမောင်မောင်ဦးသည် နန်းကိန္နရီ၏မျက်နှာကို မကြည့်ဘဲပြောသည်။ သူ၏အသံမှာ တိုးညင်းသည်မှန်သော်လည်း မျက်နှာထားမှာ တင်းတင်းမာမာ ဖြစ်နေသည်ဟု ကိုကျော့မောင်ထင်သည်။

နန်းကိန္နရီ၏မျက်နှာမှာ ကြေကွဲဟန် လွှမ်းနေသည် သာမကသေး၊ ဝမ်းနည်းဟန် ပေါ်ပေါက်နေသည်သာမကသေး၊ ကိုမောင်မောင်ဦး၏စကားကို နားလည်နိုင်စွမ်း မရှိသလိုလည်း ဖြစ်နေသည်။

သူတို့သည် အတော်ချည်းကြာအောင် တိတ်ဆိတ်နေကြသည်။ ငြိမ်သက်နေကြသည်။ အလိုလိုနေရင်း ကြေကွဲစရာကောင်းနေသည်ဟု ထင်ရသည်။

"ကျော့မောင်"

အတော်ချည်းကြာလျှင် ကိုမောင်မောင်ဦး ခေါ်သည်။ ကိုကျော့မောင်သည် ကိုမောင်မောင်ဦး၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ပြန်ကြပါတော့လား"

"ဟင်"

"ပြန်တော့လို့ ပြောတာ။ ဒီနေရာမျိုးက သိပ်ကြာကြာ နေလို့ကောင်းတဲ့ နေရာမျိုးမဟုတ်ဘူး"

ကိုကျော့မောင်သည် ကိုမောင်မောင်ဦး၏စကားကို မကျေနပ်ချင်။ သို့ရာတွင် ငြင်းပယ်နိုင်စွမ်းမရှိအောင်လည်း ဖြစ်နေရသည်။ ကိုမောင်မောင်ဦး၏ မျက်နှာသွင်ပြင်ကို ကြည့်ရသည်မှာ တကယ်တမ်း ပြန်စေချင်ကြောင်း တွေ့ရသည်။ နန်းကိန္နရီသည် မျက်နှာငယ်ငယ်ဖြင့် သူ့ကို လှမ်းကြည့်လိုက်ကြောင်း မြင်ရသည်။

ကိုကျော့မောင် ထိုင်ရာမှ ထရသည်။ နန်းကိန္နရီသည်လည်း သူနှင့်ရောနှောလျက် ထိုင်ရာမှထသည်။

"အရီ အရီ ပြန်ပါဦးမယ်"

နှင်သူက နှင်နေပါလျက် သည်စကားကို နန်းကိန္နရီ အထစ်ထစ် အငေ့ါငေ့ါ ပြောမိသေးသည်။

ကိုမောင်မောင်ဦးသည် နန်းကိန္နရီအား ခေါင်းညိတ်ပြလိုက်လေသည်။

ကိုကျော့မောင်နှင့် နန်းကိန္နရီတို့ လေးလံနှေးကွေးသော ခြေလှမ်းများဖြင့် ကိုမောင်မောင်ဦး၏အပါးမှ ခွဲခဲ့ကြသည်။ အခန်းထဲမှ ထွက်ခဲ့ကြသည်။

ကိုမောင်မောင်ဦးသည် နန်းကိန္နရီ၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်သည်။

အပြန်လမ်းတွင်လည်း တိတ်ဆိတ်ငြိမ်သက်ခြင်းက ဆက်လက်လွှမ်းမိုး လိုက်ပါလာခဲ့လေသည်။ ကိုကျော့မောင်သည် လည်းကောင်း၊ နန်းကိန္နရီသည် လည်းကောင်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။

နန်းကိန္နရီ၏မျက်ဝန်းတွင် မျက်ရည်ကြည်ရစ်ဝဲနေသည်။ မျက်နှာကလေးမှာ ကြေကွဲဝမ်းနည်းဟန်များ ပေါ်ပေါက်နေသည်။ ဤသည်များကို မြင်ရကာ ကိုကျော့မောင်သည် စကားတစ်စုံတစ်ရာ ပြောချင်သည်။ နှစ်သိမ့်သည့်စကား ဆိုချင်သည်။ သို့ပေမဲ့ စကားကို မည်သို့အစပျိုးရမည် မတွေးတတ်နိုင်။ သူငယ်ချင်းဖြစ်သူကိုသာ စိတ်ထဲမှ မကျေမနပ် ဖြစ်နေမိသည်။ အပြစ်တင်ချင်နေသည်။

**❛ကလေး အခုလာတာ ဝမ်းသာပါတယ်။ အစားအစာတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နောက်ကို မလာခဲ့နဲ့တော့နော်။ နောက်ကို တစ်ယောက်နဲ့တစ်ယောက် တွေ့ရအောင်လည်း ဘယ်တော့မှ မကြိုးစားနဲ့တော့သိလား" ကိုမောင်မောင်ဦး၏ စိမ်းကားပြတ်တောက်သောစကား။ ယင်းစကားအတွက် ကိုကျော့မောင် အံ့အားသင့်ရသည်။ နန်းကိန္နရီသည်လည်း အံ့အားသင့်သွားသည်။ ကိုမောင်မောင်ဦး၏မျက်နှာကို ကြေကွဲစွာစူးစိုက်...❜**

အဘယ်ကြောင့် သည်မျှ စိမ်းစိမ်းကားကား ဆက်ဆံခဲ့သည်ကို စဉ်းစား၍မရနိုင်အောင် ရှိသည်။

"ဦးလေးက ဘယ်ပြန်မှာလဲ"

နန်းကိန္နရီ မေးသည်။

"ပါရမီရိပ်သာ"

"အရီ လိုက်ပို့ပေးမယ်"

ကိုကျော့မောင် မငြင်းပယ်မိ။

နန်းကိန္နရီသည် ကားကို ကမ္ဘာအေးစေတီလမ်းဘက်သို့ ဦးတည်ခဲ့သည်။ သူမသည် ကားကို အရှိန်ပြင်းစွာ မောင်းနှင်လာသည်။ ကားစီးရသည်မှာ ထိတ်လန့်စရာပင် ကောင်းနေသည်။ ကားအချို့ကို ပွတ်ကာသီကာ ရှောင်တိမ်းသည်။

နန်းကိန္နရီ၏ရင်ဝယ် အဘယ်မျှ ခံပြင်းနာကြည်းစွာ ခံစားနေရကြောင်း သူမ၏ အပြုအမူအရ သိသာလာသည်။ စိတ်မှာ ထွေနေပုံရသည်။ ဝေနေပုံပေါ်သည်။ မျက်နှာထားကလည်း တင်းတင်းမာမာရှိလှပါဘိ။ မျက်လုံးသူငယ်အိမ်တွင် မျက်ရည်ကြည်ရစ်ဝဲနေသည်။ အကြည့်သည် ဝေရီနေသည်။

ကိုကျော့မောင်သည် နန်းကိန္နရီကိုကြည့်ကာ ကြေကွဲရခြင်းသည် ထိုမိန်းကလေးထံမှ မိမိထံသို့ ကူးစက်လာသည်ဟု ထင်သည်။ စိတ်ထဲတွင် သူငယ်ချင်းဖြစ်သူအပေါ် ပိုမိုမကျေမနပ်ဖြစ်ရခြင်းများ ပေါ်ပေါက်နေသည်။

ဘယ်လိုများပါလိမ့်။ သမီးဖြစ်သူအား မြင်ရလျက်က အဘယ်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်မနေခဲ့ပါလိမ့်။ အဘယ်ကြောင့် သည်မျှ စိမ်းစိမ်းကားကား ဆက်ဆံခဲ့ပါလိမ့်။

သူသည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပတ်သက်၍ လည်းကောင်း၊ နန်းကိန္နရီနှင့် ပတ်သက်၍လည်းကောင်း တကယ်တမ်း စိမ်းကားပြတ်တောက်နေပြီလား မပြောတတ်နိုင်။

ပါရမီရိပ်သာသို့ရောက်လာသည်။ အိမ်ရှေ့တွင် ကားကို ရပ်စေရသည်။

ကိုကျော့မောင် ကားပေါ်မှမဆင်းမီ စကားဆိုသည်။

"ဒီကနေ့အဖြစ်အတွက် ဦးလေး စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဦးလေး ကတိပေးပါတယ်ကလေးရယ်။ တစ်နေ့မဟုတ်တစ်နေ့ အဆင်ပြေရပါစေ့မယ်လို့ ဦးလေး ကတိပေးပါတယ်"

သည်တွင် နန်းကိန္နရီက ကိုကျော့မောင် မထင်မှတ်၊ မမျှော်လင့်သောစကားဖြင့် တုံ့ပြန်သည်။

"ဦးလေး၊ အရီ့ကို ဘာဖြစ်လို့ ဒုက္ခပေးရတာလဲဟင်။ ဘာဖြစ်လို့ အရီ့ဘဝကို ဖျက်ဆီးချင်ရတာလဲ။ အရီ့ဘာသာနေနေတာ အကောင်းသားနဲ့ ဘာလို့ ဦးမောင်မောင်ဦးနဲ့ ဆုံပေးခဲ့ရတာလဲ"

သည်တွင် မိမိ၏အပြုအမူမှာ သည်တစ်ကြိမ်တွင်လည်း မျှော်မှန်းသလို ဖြစ်မလာနိုင်။ မှားယွင်းခဲ့ရပြန်ချေပြီဟု ကိုကျော့မောင် စိတ်မကောင်းစွာ တွေးနေမိလေသည်။

[၇]

မျိုး

တွေ့ချင်တယ်

ရီ

မျိုးထွန်းသိန်းသည် နန်းကိန္နရီ၏စာကို လမ်းမီးရောင်ဖြင့် ဖတ်လိုက်သည်။ စာကို အထပ်ထပ်အခါခါ ဖတ်ပြီးဖြစ်ပါလျက်၊ စာတွင်လည်း အကြောင်းအရာ တစ်ရပ်မှတစ်ပါး အခြားဖော်ပြချက် မရှိပါဘဲလျက် ထပ်၍ဖတ်မိခြင်း ဖြစ်သည်။

သူသည် တွေ့နေကျနေရာသို့ တွေ့နေကျအချိန်တွင် ရောက်ရှိနေခဲ့သည်။ သည်တစ်ခါ သူက စော၍ ရောက်နေသည်။ နန်းကိန္နရီသည် အခါတိုင်းက အလျင်ရောက်နေကျ ဖြစ်ပါလျက် သည်ကနေ့ နောက်ကျသည်။

စောစောပိုင်းကဆိုလျှင် မျိုးထွန်းသိန်း သရက်ပင်အမြစ်ဆုံတွင် ထိုင်၍ စိတ်ရှည်လက်ရှည် စောင့်နေခဲ့သည်။ လေတိုးသံ၊ လှိုင်းကြက်ခွပ်သံနှင့် ပိုးမွှားများ အော်မြည်သံကို နားထောင်ရင်း အဆုံးအစမရှိသော အတွေးတို့ကို တွေးနေမိခဲ့သည်။ ကြာသော် ယင်းသို့ စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်နိုင်သလို ဖြစ်လာကာ အင်းလျားလမ်းဘက်သို့ ထွက်ခဲ့သည်။ လမ်းမှနေ၍ ကြိုမိပြန်သည်။

အမှောင်သည် ကန်ဝန်းကျင် တောအုပ်၌ သိပ်သည်းစပြု၍ နေခဲ့ပေပြီ။ ငြိမ်သက်ခြင်းသည်လည်း သည်ဝန်းကျင်ကို စိုးမိုးစပြုနေခဲ့ပေပြီ။

မျိုးထွန်းသိန်းသည် နန်းကိန္နရီနှင့်ပတ်သက်လာလျှင် မိမိတွင်ရှိအပ်သော သိက္ခာကိုပင် ထိန်းသိမ်းနိုင်စွမ်းမရှိဟု ထင်သည်။ အရာရာတွင်ပင် သူသည် နန်းကိန္နရီအလိုကျ လိုက်ပါနေမိလျက်ရှိသည်ဟု တွေးမိသည်။ ယင်းမိန်းကလေးသည် မိမိအား တစ်စထက်တစ်စ လွှမ်းမိုးလာသည်ဟု ယူဆသည်။

စင်စစ်တွင်လည်း သူကျင်လည်နေသော ဝန်းကျင်မှာ အချောအလှတို့ မရေမတွက်နိုင်လောက်အောင် ပေါများသော အလှတော။ အလှရွာ။ ယောကျ်ားကလေးတို့၏ ညလယ်အိပ်မက်ကို ကြီးစိုးနိုင်စွမ်းရှိသော အလှပိုင်ရှင်တို့ စုဝေးရာနေရာ။ ထို့ကြောင့်ပင် မိမိအား နန်းကိန္နရီက လွှမ်းမိုးလာခြင်းမှာ ရုပ်ရည်သွင်ပြင်လှပခြင်း တစ်ခုတည်းနှင့် မဟုတ်နိုင်။ အကြောင်းရပ် အမျိုးမျိုးကြောင့်ပင် ဖြစ်မည်ထင်သည်။ ထိုမိန်းကလေးသည် သူ့ရင်၌ ဝေဒနာတစ်ရပ်ကို ပေးစွမ်းနိုင်ခြင်းရှိသော ငယ်ချစ်နှင့် ပတ်သက်နေသည်မှာ အဓိကအကြောင်း ဖြစ်မည်ထင်သည်။ အဲလစ်နှင့်စပ်လျဉ်း၍ပင် သူ နန်းကိန္နရီအား အရေးထားမိခြင်းဖြစ်သည်။ ဂရုပြုမိခြင်းဖြစ်သည်။ ယခုတော့လည်း အဲလစ်နည်းတူပင် သူမအပေါ် စွဲလမ်းတွယ်တာမိလျက်ရှိသည့်အဖြစ်ကို မျိုးထွန်းသိန်း သဘောပေါက်လာသည်။

သူတို့သည် အနည်းဆုံး တစ်ပတ်နှစ်ကြိမ်လောက် စာတိုကလေးဖြင့် ချိန်းဆိုမိတတ်မြဲ ဖြစ်သည်။ လှိုင်းကြက်ခွပ်သံနှင့် သစ်ရွက်လေတိုးသံ ညံစီနေသော အင်းလျားကန်တွင် တွေ့ဆုံမိတတ်မြဲဖြစ်သည်။ လှပနုနယ်သော စကားလုံးများ၊ သာယာချမ်းမြေ့ဖွယ်သော အဖြစ်ကလေးများကို အထူးတလည် ရွေးချယ်ပြောတတ်ကြမြဲ။

ယခုအခါ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟဝန်ခံခြင်းမပြုသည့်တိုင် အသည်းနှလုံး၏ နက်ရှိုင်းသောအပိုင်း၌ သံယောဇဉ်ငြိတွယ်နေသည့်အဖြစ်ကို ရိပ်စားမိကြပြီးထင်သည်။ ချစ်သည်ဆိုသော စကားတစ်လုံးမှလွဲလျှင် အခြားသော ယင်းအဓိပ္ပာယ်သက်ဝင်သည့်စကားများကို ပြောဖြစ်ခဲ့ကြသည်။ ချစ်သည်ဆိုသောစကားကိုမူ နှစ်ယောက်စလုံး အလိုလို ရှောင်လွှဲမိခဲ့ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။

- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။

- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



## အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေတိုးလာရာ ငှက်လှေစီးသူ ပိုမိုများပြားလာ

မန္တလေး ဇွန် ၂၀

ဧရာဝတီမြစ်ရေ ဝင်ရောက်လာခြင်းကြောင့် ဇွန်လဆန်းပိုင်းမှစ၍ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းရေတိုးလာရာ ရေနည်းချိန်ထက် ငှက်လှေစီးသူ ပိုမိုများပြားလာသဖြင့် နေ့စဉ်ဝင်ငွေရရှိလာကြောင်း တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းကပြောသည်။

တောင်သမန်အင်းအတွင်း အငှားလိုက်ငှက်လှေအစင်းရေ ၄၃ စင်းရှိ၍ အလုပ်နားရက်များဖြစ်သည့် စနေ၊ တနင်္ဂနွေနှင့် ဥပုသ်ရက်များတွင် အစင်းရေ ၂၀ ခန့်အငှားလိုက်ရပြီး ကျန်ရက်များတွင် ငှက်လှေစီးသူနည်းပါးသည်ဟု သိရသည်။

"နိုင်ငံခြားခရီးသွားရှိမှ ငှက်လှေသမားတွေ အဆင်ပြေတာပါ။ လက်ရှိမှာ နိုင်ငံခြားခရီးသွားက မရှိသေးဘူး။ ပြည်တွင်းဧည့်သည်ပဲရှိပြီး သူတို့က ငှက်လှေစီးတာနည်းလို့ အရင်လပိုင်းတွေတုန်းက ဝင်ငွေမရှိသလောက်ပဲ။ ရေတက်လာမှ ဧည့်သည်နည်းနည်းရောက်လာတော့ ဈေးဖိုးလေးရလာတာပေါ့။ ပြီးခဲ့တဲ့ ၁၀ ရက်လောက်မှာ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✻

## ခင်မာလာထွန်း သွားရောက်ကစားသည့် ထိုင်းအမျိုးသမီးကလပ်အသင်း လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲ

ရန်ကုန် ဇွန် ၂၀

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ ခင်မာလာထွန်း သွားရောက်ကစားနေသည့် ထိုင်းအမျိုးသမီးကလပ် College of Asian Scholars အသင်းသည် ၂၀၂၂ ရာသီ ထိုင်းအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪




ခင်မာလာထွန်းအား ထိုင်းအမျိုးသမီးလိဂ် ချန်ပီယံဆုနှင့်အတူ တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

**မိုးကောင်းမြို့နယ်၌ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေး နောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်**

စာမျက်နှာ » ၁၅

## ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများအား လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

နေပြည်တော် ဇွန် ၂၀

အစွန်းရောက်အကြမ်းဖက် သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များကို ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲခြင်း၊ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ●